# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၃၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန်နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုတို့ကို တည်ဆောက်သွားကြရမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား-**

ယနေ့ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ရှမ်းပြည်နယ်သည် မိမိတို့နိုင်ငံ၏ အရှေ့ဘက်တောင်တန်းဒေသများဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်သောင်းခန့်ရှိကာ တစ်ဖက်နိုင်ငံများနှင့်လည်း ဆက်စပ်နေသဖြင့် နိုင်ငံအတွက် အရေးပါသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ ရှမ်း၊ ကချင်၊ ကယား၊ ပလောင်၊ ပအိုဝ်း၊ ဝ၊ ဓနု၊ ကိုးကန့် စသည့်တိုင်းရင်းသားမျိုးနွယ်စုများစွာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ဖြင့် စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ စုပေါင်းနေထိုင်လျက်ရှိကြပြီး တောတောင်ရေမြေသဘာဝအလှအပများနှင့် ပြည့်စုံသောဒေသဖြစ်ပါသည်။ ထို့ပြင် မြေပေါ်မြေအောက်သယံဇာတများဖြစ်သည့် သတ္တုရိုင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းဖြစ်သည့် စစ်တွေဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်သည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာတို့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် စေတီတော်မြတ်ကြီးဝင်းအတွင်းရှိ အောင်စကြာမုနိ သိမ်တော်မြတ်ကြီးတွင်

*စာမျက်နှာ ၄ ကော်လံ ၁* ❇



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဆိပ်ကမ်းတာဝန်ရှိသူများ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းဖြစ်သည့် စစ်တွေဆိပ်ကမ်း၌ ဆွေးနွေးကြစဉ်။

**ယနေ့** *ဖတ် စ ရာ*

## ဒီမိုကရေစီကျင့်စဉ်အစ ပညာသင်ကျောင်းက



ဆောင်းပါး စာ - ၈၊ ၉

## လစ်ဗျားနိုင်ငံတွင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၌ ကိုဗစ် -၁၉ အကာအကွယ်များ ကျင့်သုံးသွားရန် တောင်းဆို

နိုင်ငံတကာသတင်း စာ-၁၃

# ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ ပြည့်စုံဖို့

ယခုနှစ်သည် မြန်မာနိုင်ငံ၏ စိန်ရတုလွတ်လပ်ရေးအကြိုနှစ်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုနှစ်ကို အရေးပါသည့်နှစ်အဖြစ် သတ်မှတ်ထားသည်။ လာမည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေရန် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနှင့် ပြည့်စုံဖို့ အရေးကြီးကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရမည်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ် စတုတ္ထအချက်ထဲတွင်လည်း ဖော်ပြပြီးဖြစ်၍ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုကြောင်းကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ပြောကြားခဲ့ပြီး ဖြစ်သည်။

၂၀၂၂ ခုနှစ်သည် မြန်မာနိုင်ငံထက် လေးလကျော်စော၍ လွတ်လပ်ရေးရရှိခဲ့သော အိန္ဒိယနိုင်ငံအဖို့မူ ၇၅ နှစ်မြောက် လွတ်လပ်ရေး၊ စိန်ရတုလွတ်လပ်ရေးနှစ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် သတ္တမမြောက်အကြီးဆုံးနှင့် ဒုတိယမြောက် လူဦးရေအများဆုံးနိုင်ငံ၊ ကိုးကွယ်သည့် ဘာသာတရားအများအပြားရှိသလို ပြောဆိုသည့် ဘာသာစကား ၄၅၀ ခန့် ကွဲပြားသည့် နိုင်ငံ၊ လွတ်လပ်ရေးရယူချိန်တွင် ဘာသာရေးကို အကြောင်းပြု၍ ခွဲစိတ်ခံလိုက်ရသော ထိုနိုင်ငံကြီးသည် လွတ်လပ်ရေးရပြီးကာလ ဆယ်စုနှစ်များစွာကို ခက်ခဲကြမ်းတမ်းစွာ လျှောက်လှမ်းခဲ့ရသည်။ ခွဲထွက်ရေးဝါဒီများ၊ စစ်သွေးကြွအမျိုးသားရေးဝါဒီများနှင့် လက်ဝဲကွန်မြူနစ်ဝါဒီများ၏ အမှောင့်ပယောဂများကြောင့် အဓိကရုဏ်းများ၊ လူထုဆူပူအုံကြွမှုများ၊ ခွဲထွက်ရေးပုန်ကန်မှုများဖြင့် မှန်တိုင်းထန်ခဲ့သလို တိုင်းပြည်၏စီးပွားရေးနှင့် ငွေကြေးဖောင်းပွမှုတို့ကလည်း အခြေအနေဆိုးရွားနေခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များသို့ ရောက်သည့်အခါ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကြောင့် တိုင်းပြည်၏ နှစ်စဉ်စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၉ မှ ၈ ဒသမ ၅ ရာခိုင်နှုန်းအထိ ဆယ်စုနှစ်တစ်ခုကျော် မှန်မှန်တိုးတက်ခဲ့ပြီး အိန္ဒိယပြည်သူပေါင်းများစွာတို့ ဆင်းရဲတွင်းမှ လွတ်မြောက်ခဲ့ကြသည်။ ၂၀၀၀ ပြည့်လွန်နှစ်များတွင်မူ အိန္ဒိယ၏ အောင်မြင်မှုများကို ကမ္ဘာက အသိအမှတ်ပြုလာကြရသည်။ အိန္ဒိယပြည်တွင်းတွင်လည်း တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတို့ရရှိလာပြီး ခွဲထွက်ရေးနှင့် စစ်သွေးကြွတို့၏ ဆူပူအကြမ်းဖက်လှုပ်ရှားမှုများလည်း ငြိမ်ဆိတ်သွားခဲ့သည်။

အိန္ဒိယ၏ဥပမာကို သင်ခန်းစာယူပါက ဖွံ့ဖြိုးတိုးတက်အောင်မြင်ခြင်းသည် ငြိမ်းချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပြီး တစ်ပြိုင်တည်းမှာပင် ဆူပူအုံကြွမှု၊ ပုန်ကန်သောင်းကျန်းမှုတို့ကို ဆိတ်သုဉ်းသွားစေနိုင်ခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံတွင် ဆင်းရဲတွင်းနက်နေသရွေ့ ဒီမိုကရေစီစနစ်သည် ရှင်သန်ဖွံ့ဖြိုးနိုင်ခြင်းမရှိဟု ဆိုသည်။ နိုင်ငံသူ နိုင်ငံသားတို့၏ တစ်ဦးချင်းဝင်ငွေအဆင့်အတန်းက ဒီမိုကရေစီသက်တမ်းကို ပြဋ္ဌာန်းနိုင်သည်ဟူ၍ လေ့လာတွေ့ရှိထားရာ တစ်ဦးချင်းဝင်ငွေများလေလေ၊ ဒီမိုကရေစီသက်တမ်းရှည်လေလေပင်ဖြစ်ပြီး တစ်ဦးချင်းဝင်ငွေ အများဆုံးနိုင်ငံများမှာ ဒီမိုကရေစီ အဖွံ့ဖြိုးဆုံးပင်ဖြစ်သည်။

စိန်ရတုပြည်ထောင်စုနေ့အကြို မိမိတို့နိုင်ငံ၏ မျက်မှောက်အခြေအနေမှာ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် နိုင်ငံရေးအကြောင်းပြုသည့် အကြမ်းဖက်တိုက်ခိုက်မှုများက နိုင်ငံ၏ ရှေ့သို့လှမ်းရမည့် ခြေလှမ်းများကို အဟန့်အတားပြုလျက်ရှိသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရမည့်အချိန်တန်နေပြီဖြစ်သော်လည်း မလွတ်မြောက်နိုင်သေး။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးသည် ပြည်သူလူထု၏ အစစ်မှန်ဆုံးသော ဆန္ဒဖြစ်သလို နိုင်ငံအတွက်လည်း ပကတိလိုအပ်ချက်ဖြစ်သည်။ ထို့ပြင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးသည် သီးခြားစီရှာဖွေရမည့်အရာများမဟုတ်ဘဲ တစ်ဆက်တစ်စပ်တည်းသာဖြစ်ကြောင်း၊ ပြင်ပတွင် ရှာဖွေရန်မဟုတ်ဘဲ မိမိတို့အားလုံး၏ အဇ္ဈတ္တ သန္တာန်များတွင်သာ ရှာဖွေကြရမည်ဟူ၍ ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) မှ စက်ရုံမှူး ဦးမင်းသူကို အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**ပေါင်းစု စွမ်းအား မြန်ပြည်တစ်လွှား အစဉ်ရှေးရှု ပြည်ထောင်စု။**

## ရည်သန်ခရီး သွားကြချိန်

* နီးနီးဝေးဝေး
အရေးရှိလာ၊ သွားတတ်ရာတည့်
ပညာဉာဏ်ဖွင့်၊ လို့လဆင့်၍
ဝန်နှင့်အားမာန်၊ တွေးဆကြံလျက်
ရည်သန်ခရီး သွားကြချိန်။

* စွဲလမ်းစိတ်ဆာ
မခွာအတ္တ၊ မာန်မာနနှင့်
လောဘကြိုးနှောင်၊ ဒေါသထောင်၍
အမှောင်မောဟ၊ ဗျာပါဒတို့
ဓမ္မနှင့်သတ်၊ သတိချုပ်လျက်
ချဉ်းကပ်မြဲမြံ၊ အောင်စိတ်မာန်နှင့်
ရည်သန်ခရီး သွားကြချိန်။

* အေးလည်းအတူ
ပူလည်းအမျှ၊ ခံယူကြ၍
လောကကျိုးပြု၊ ရှေးရှုဖြတ်သန်း
ထိုလမ်းသာယာ၊ ပြုံးပန်းဖြာလျက်
တော်ရာတော်ကြောင်း၊ ကောင်းရာကောင်းကျိုး
သယ်ပိုးကျင့်ကြံ၊ အောင်စိတ်မာန်နှင့်
ရည်သန်ခရီး သွားကြချိန်။

* အို . . . ညီနောင်သားချင်း
မျိုးရင်းဆွေဉာ၊ မိတ်သဟာတို့
သည်မှာဆည်မြောင်း၊လယ်ယာကောင်းနှင့်
တန်ဆောင်းပြာသာဒ်၊ ကျောင်းဇရပ်တို့
ကောင်းမြတ်အမွေ၊ စည်ဝေအေးချမ်း
ရိပ်နန်းဖြစ်တည်၊ ရွှေပြည်ဖြန့်မိုး
အမျိုးဘာသာ၊ သာသနာနှင့်
မြန်မာတို့ဘုန်း၊ ကမ္ဘာဖုံးသို့
ချစ်ထုံးဝေဝေ၊ ဖြစ်နှုန်းတွေနှင့်
အောင်မြေဖြန့်စီး၊ ဤခရီးဝယ်
ဝေးနီးမဟူ သွားအတူ။
တွဲလက်မြဲခိုင် အောင်လံထူ။ ။

(၇၅ - နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြိုဂုဏ်ပြုကဗျာ)

**ဖိုးယုန် (မကွေး)**

## (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရွှေဟောင်းသမိုင်းဝင် အပရာဇိတ ကျိုက်ဝိုင်းဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ရင်ပြင်၌ ဘုရားဖူးလာပြည်သူအများ ကြည်ညိုသဒ္ဓါပွား စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် မရမ်းကုန်းမြို့နယ်ရှိ စာပေ ဂီတ သဘင်အဖွဲ့သားများက ယနေ့နံနက်တွင် ပန်းဆီမီး အမွှေးနံ့သာများ ကပ်လှူ၍ စုပေါင်းသန့်ရှင်းရေးများပြုလုပ် ကုသိုလ်ယူ အမျှအတန်းပေးဝေကြကြောင်း သိရသည်။ (ယာပုံ)



မျိုးမင်းသိန်း(မရမ်းကုန်း)

# အမြဲမပြတ် လေ့လာနေရန်လို

**တက္ကသိုလ်ပညာရေးသည် အလွတ်ကျက်သည့် ပညာရေးမဟုတ်ဘဲ လေ့လာခြင်း၊ တွေးခေါ်ခြင်းများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာများ အပြန်အလှန်ဆွေးနွေးပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း သင်ကြားမှုကဏ္ဍ တိုးတက်စေရန်အတွက် အမြဲမပြတ် လေ့လာနေရန် လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❖ *ရှေ့ဖုံးမှ*

**❒ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးပါလျက်ရှိသလို နိုင်ငံတစ်နိုင်ငံတိုးတက်ရေး အတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်လည်းဖြစ်၊ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရမည်ဖြစ်၊ ယနေ့အချိန်တွင် ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် ရည်ရွယ်ချက်မဲ့သော စစ်ပွဲများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်၊ မိမိတို့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာနေထိုင်လိုခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး၏ တူညီပြင်းပြသောဆန္ဒပင်ဖြစ်**

တွင်းထွက်များ၊ ကျောက်မျက်ရတနာများ၊ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများဖြင့် ရေခံမြေခံကောင်းများလည်းရှိပြီး နယ်စပ်ဒေသကုန်သွယ်ရေးများဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နှစ်ပေါင်းများစွာကတည်းကပင် သမိုင်းအထောက်အထားအခိုင်အမာနှင့် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ပြီး တိုင်းရင်းသားလူမျိုးစုအားလုံးတို့ ခေတ်အဆက်ဆက် အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့ကာ ကမ္ဘာ့အလယ်တွင် ထင်ရှားစွာရပ်တည်လာခဲ့ကြပါသည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်တိုင်တိုင် တိုက်ခိုက်သိမ်းယူခဲ့ခြင်းကြောင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တို့နှင့်ပူးပေါင်း၍ နယ်ချဲ့အင်္ဂလိပ်ကို မောင်းထုတ်နိုင်ခဲ့သလို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့မြေပေါ်မှ အပြီးတိုင် တိုက်ထုတ်နိုင်ခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည့်နောက် ဗြိတိသျှစစ်တပ်များသည် ဗမာနိုင်ငံအား ပြန်လည်သိမ်းပိုက်ခဲ့ကြပါသည်။ ယင်းအချိန်၌ ရှမ်းပြည်နယ် စော်ဘွားများ၊ လူထုခေါင်းဆောင်များနှင့် ပြည်သူလူထုသည် စစ်ဘေးစစ်ဒဏ်ကို အလူးအလဲ ခံစားခဲ့ရသည့်ကြားမှာပင် နိုင်ငံရေးအရ နိုးကြားတက်ကြွလာခဲ့ကြပါသည်။

စစ်မှန်သောလုံးဝလွတ်လပ်ရေးမရရှိမချင်း တိုက်ပွဲပေါင်းစုံ ဆင်နွှဲနေကြမည်ဟူသော တိုင်းရင်းသားအားလုံး၏ ရင်တွင်းမှ ခိုင်မာပြင်းပြသော သန္နိဋ္ဌာန်ဖြင့် တိုင်းရင်းသားခေါင်းဆောင်များသည် တညီတညွတ် တလုံးတစည်းတည်းစုပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့လွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြရာတွင် ရှမ်းပြည်နယ်မှ ဝန်းသိုစော်ဘွားဦးအောင်မြတ်၊ ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားများကလည်း ရှုပ်ရှုပ်ချွံချွံ ပူးပေါင်းပါဝင်ခဲ့ကြသည်မှာ ရှမ်းတိုင်းရင်းသားများ၏ မျိုးချစ်စိတ်ဓာတ်ကို ပေါ်လွင်စေခဲ့ပါသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားခေါင်းဆောင်များနှင့် လှည့်လည်တွေ့ဆုံဆွေးနွေးချိန်တွင် တောင်ကြီးမြို့သို့ဝင်ရောက်၍ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ ကိုယ်စားလှယ်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် လန်ဒန်သို့ သွားရောက်ပြီး တောင်တန်းဒေသများအပါအဝင် မြန်မာတစ်နိုင်ငံလုံးကို အတူတကွ လွတ်လပ်ရေးပေးရန် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်များသည် ဗမာပြည်မနှင့်အတူ ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူဆုံးဖြတ်ချက်များကို ရှမ်းပြည်နယ် ပင်လုံမြို့၌ ချမှတ်နိုင်ခဲ့ပါသည်။ ထိုသို့ တောင်တန်း၊ ပြည်မ မခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွရယူရန် ဆုံးဖြတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၅) နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့ပြင် မကြာမီ ကျရောက်တော့မည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုကာလလည်းဖြစ်သဖြင့် ထူးခြားလေးနက်သည့် သဘောကိုဆောင်နေပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့သည် တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့်သက်ဆိုင်သော နေ့ထူးနေ့မြတ် အခါသမယပင်ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးပါလျက်ရှိသလို နိုင်ငံတစ်နိုင်ငံတိုးတက်ရေး အတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်လည်း ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရမည် ဖြစ်ပါသည်။ ယနေ့အချိန်တွင် ငြိမ်းချမ်းရေး မရရှိသေးသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် ရည်ရွယ်ချက်မဲ့သော စစ်ပွဲများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်ပါသည်။ မိမိတို့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာနေထိုင်လိုခြင်းသည် တိုင်းရင်းသား ပြည်သူအားလုံး၏ တူညီပြင်းပြသောဆန္ဒပင်ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန်နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုတို့ကို တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးတစ်ရက်စောပြီး တည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောပြီး အကျိုးရှိမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အစဉ်တစိုက်ကြိုးပမ်းမှုများကြောင့် ဆွေးနွေးပွဲများကျင်းပနိုင်ပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အကျိုးကျေးဇူးများ တိုးတက်ရရှိနိုင်တော့မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ မြန်မာနိုင်ငံကြီးအား လွတ်လပ်မှု၊ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင် တည်ဆောက်ခဲ့သော စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။

လွန်ခဲ့သော ၇၅ နှစ်က ပင်လုံမြို့ကလေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သလို ယနေ့အချိန်အခါတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အမြန်ဆုံးပြသနိုင်ဖို့ အားလုံးဝိုင်းဝန်းကြိုးစားသွားကြရမည်ဖြစ်ပါသည်။

နိုင်ငံအတွင်း ယနေ့ဖြစ်ပေါ်ကြုံတွေ့နေရသည့် ဆူပူအကြမ်းဖက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုမရှိခြင်းအတွက် တိုင်းရင်းသားပြည်သူများအနေဖြင့် ဆင်းရဲဒုက္ခများစွာ ကြုံတွေ့ကြရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေလျက်ရှိပါသည်။ နိုင်ငံနှင့်ပြည်သူအကျိုးကိုမကြည့်ဘဲ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲစိတ်ဖြင့် လွဲမှားစွာဆောင်ရွက်နေသည့် လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက အသိ၊ သတိဖြင့် သုံးသပ်ဆင်ခြင်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်ရှိရေး သတိပြုသင့်ကြပါသည်။ ထိုသို့မဟုတ်ပါက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေပြီး နိုင်ငံ၏ရှေ့ရေးမှာ ရင်လေးဖွယ်ရာကောင်းပါသည်။ သို့ဖြစ်ပါ၍ မိမိတို့တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှအခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဖက်ဒရယ်စနစ်ကိုအခြေခံသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံး ပင်လုံစိတ်ဓာတ်အရင်းခံကာ ချစ်ကြည်စည်းလုံးစွာဖြင့် နိုင်ငံတော်အစိုးရနှင့် အတူပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

* ရှေ့ဖုံးမှ

ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် စကြာမုနိသွန်းစက်တော်ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**လိုက်လံရှင်းလင်းပြသ**

ဆက်လက်ပြီး စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း ဘက်စုံပြုပြင်မွမ်းမံထားရှိမှု၊ ဘုရားရင်ပြင်တော်နှင့် အောင်စကြာမုနိသိမ်တော်ကြီးအား ပြုပြင်မွမ်းမံရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် အဖွဲ့ဝင်များသည် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းဖြစ်သည့် စစ်တွေဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆိပ်ကမ်းရှင်းလင်းဆောင်၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြည်နယ်ဆိပ်ကမ်းအရာရှိချုပ် ဦးညီညီလွင်နှင့် တာဝန်ရှိသူများက တည်ဆောက်ပြီးစီးသည့် ဆိပ်ခံတံတားနှင့် ကျောထောက်နောက်ခံ ဆိပ်ကမ်းအဆောက်အဦများ၊ စစ်တွေမြို့မှ ကုလားတန်မြစ်ကြောင်းတစ်လျှောက် ချင်းပြည်နယ် ပလက်ဝမြို့အထိ သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့မှု၊ ချဉ်းကပ်တံတားပါဝင်သော ပလက်ဝဆိပ်ကမ်းတည်ဆောက်ခြင်း၊ ဆိပ်ကမ်းဝင်းအတွင်း ရုံးနှင့်ဆက်စပ်အဆောက်အဦများ တည်ဆောက်ပြီးစီးမှု၊ စစ်တွေဆိပ်ကမ်းအဝင် ရေလမ်းကြောင်းနှင့် ကုလားတန်မြစ်ကြောင်းတစ်လျှောက် ရေကြောင်းပြအမှတ်အသားများ တပ်ဆင်ထားရှိမှု၊ ဆိပ်ကမ်းတွင် ရေယာဉ်လမ်းကြောင်းတူးဖော်နေမှု၊ ပလက်ဝမြို့မှ မြန်မာ-အိန္ဒိယနယ်စပ်အထိ အဝေးပြေးမော်တော်ကားလမ်းဖောက်လုပ်မည့်အခြေအနေအပါအဝင် ကုလားတန်မြစ်ကြောင်းဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ အဖွဲ့ဝင်များသည် စစ်တွေဆိပ်ခံတံတားနှင့် ဆိပ်ခံတံတားအနီးတွင် သောင်တူးဖော်နေမှု၊ ရေယာဉ်များ ဆိုက်ကပ်ထားရှိမှုတို့ကို ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းဖြစ်သည့် စစ်တွေဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

**တိုက်ရိုက်ကုန်သွယ်နိုင်မည်**

အဆိုပါ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းသည် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံကုန်သွယ်မှုအခွင့်အလမ်း ပိုမိုရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ ပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့် သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်မည်ဖြစ်ခြင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ဒေသခံများအနေဖြင့် ရေကြောင်းသွားလာမှုကို အခြေခံသော ကမ္ဘာလှည့်ခရီးသွားများနှင့် ပတ်သက်သည့် အခွင့်အလမ်းများ ရရှိလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရောဝတီတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရောဝတီတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော်စီမံချက်တစ်ခုဖြစ်သည့် ပန်းခင်းစီမံချက်ကို နိုင်ငံတော်၏အနာဂတ်အတွက် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းစီမံချက်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃ ဒသမ ၄ သန်းကျော်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လတာကာလအတွင်း ထုတ်ပေးနိုင်ရေး လျာထားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါအခြေအနေနှင့် အချို့ဒေသများတွင် လုံခြုံရေးအခြေအနေ၊ ရာသီဥတုအခြေအနေ အထူးသဖြင့် ရောဝတီတိုင်းဒေသကြီးသည် နေရာဒေသတော်တော်များများ၌ ရေလမ်းခရီးကိုသာ အသုံးပြုသွားလာရသည့်အတွက် ကွင်းဆင်းဆောင်ရွက်မှုများတွင် သွားလာရေးအခက်အခဲများစွာ ကြုံတွေ့ကြရပြီး ယင်းအဟန့်အတား အခက်အခဲများကြားမှ ဆောင်ရွက်ကြရခြင်း ဖြစ်ပါကြောင်း။

ရောဝတီတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၉၇၃၄ ကတ်ထုတ်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၂၃၁၂၉၉ ကတ် ပြီးစီးနေပြီဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၁၁၀ ဒသမ ၂၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအနက် လျာထားချက်ရာနှုန်းပြည့် ပြီးမြောက်ကျော်လွန်အောင် ဆောင်ရွက်နိုင်သည့် ဒုတိယမြောက် တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ စီမံချက်အရ လျာထားချက် ပြည့်မီအောင် ဆောင်ရွက်နိုင်သော်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းစဉ်သည် ပြီးဆုံးသည့် လုပ်ငန်းမဟုတ်ဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အားလုံးက ဆက်လက်ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ရောဝတီတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ပန်းခင်းစီမံချက်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ရောဝတီတိုင်းဒေသကြီးမှ ဝန်ထမ်းများကို တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ပေးကာ ရာထူးအဆင့်များကို တပ်ဆင်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဦးစီးမှူးရုံးများအတွက် Computer၊ Printer၊ မိတ္တူကူးစက်နှင့် ကွန်ပျူတာခုံများကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးဦးစီးမှူးက လက်ခံရယူသည်။

ယင်းနောက် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများနှင့် ဦးစီးမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက e-ID စနစ်လုပ်ငန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက e-ID စနစ်အကြောင်း သိကောင်းစရာများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရောဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပြီးသူများ၏ ကိုယ်ရေးအချက်အလက်များကို ကွန်ပျူတာဖြင့် ဖြည့်သွင်းနေမှု၊ နေပြည်တော်(ရုံးချုပ်)မှပေးပို့သည့် အချက်အလက်များနှင့် တိုက်ဆိုင်၍ e-ID စနစ် အကောင်အထည်ဖော်ရာတွင် ချိတ်ဆက်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရက ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**※ ညီညွတ်ခြင်းသည် အင်အား တိုင်းရင်းသားများ လက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား**

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှထွက်ရှိသည့် လက်မှုအနုပညာပစ္စည်းအမျိုးမျိုးကို ပြသရောင်းချသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့လက်မှုအနုပညာစင်တာ ဖွင့်ပွဲ၊ အသေးစားစက်မှုလက်မှုနှင့် လက်မှုအနုပညာထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မြန်မာ့လက်မှုအနုပညာစင်တာ၌ ကျင်းပသည်။**



အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မြန်မာ့လက်မှုအနုပညာစင်တာကို မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်မှု အနုပညာလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးစေရန်၊ တိမ်ကောပပျောက်မှုမရှိစေရန်၊ မြန်မာ့လက်မှုအနုပညာယဉ်ကျေးမှုများ ရေရှည်တည်တံ့စေရန်၊ ရိုးရာလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရန်၊ နိုင်ငံတစ်ဝန်းရှိ လက်မှုအနုပညာများကို တစ်နေရာတည်းတွင် လေ့လာနိုင်ရန်၊ မြန်မာ့လက်မှုထည်များ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဈေးကွက်မြှင့်တင်ပေးရန်၊ အိမ်တွင်းတစ်ပိုင်တစ်နိုင်စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များနှင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ စင်တာ၌ ယွန်းထည်ပစ္စည်းများ၊ ရက်ကန်းထည်ပစ္စည်းများ၊ သစ်သားပန်းပုများ၊ ငွေထည်ကြေးထည်ပစ္စည်းများ၊ ပန်းချီကားများ၊ သစ်သား၊ ဝါး၊ ကျောက်မျက်များနှင့် ပြုလုပ်ထားသည့် ပန်းပုပစ္စည်းများ၊ ဝါးထည်ကြိမ်ထည်များ၊ ကနုကမာ၊ ခရုများနှင့်ပြုလုပ်ထားသည့် အလှဆင်ပစ္စည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှထွက်ရှိသည့် လက်မှုအနုပညာပစ္စည်းအမျိုးမျိုးကို ပြသရောင်းချသွားမည် ဖြစ်သည့်အတွက် မြန်မာ့လက်မှုအနုပညာများနှင့် အသက်မွေးဝမ်းကျောင်းသူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ယခုကဲ့သို့သော ပြပွဲနှင့်ဈေးရောင်းပွဲတော်သည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည့်အတွက် စင်တာရေရှည်တည်တံ့စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာ့လက်မှုအထည်များ ပြည်ပဈေးကွက်ရရှိရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က မြန်မာ့လက်မှုအနုပညာစင်တာကို ဖဲကြိုးဖြတ်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြကာ စင်တာအတွင်း ခင်းကျင်းပြသရောင်းချသည့်ဆိုင်ခန်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုနှင့် လက်မှုအနုပညာထုတ်ကုန်ပစ္စည်းပြပွဲ၊ ဈေးရောင်းပွဲ (ရန်ကုန်)ဖွင့်ပွဲကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ **(အပေါ်ပုံ)** အသေးစား စက်မှုလက်မှုနှင့် လက်မှုအနုပညာထုတ်ကုန်ပစ္စည်းပြပွဲ၊ ဈေးရောင်းပွဲ (ရန်ကုန်) အတွင်း ခင်းကျင်းပြသရောင်းချသည့် ဆိုင်ခန်းများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ရုံးသစ်ဖွင့်ပွဲသို့တက်ရောက်ပြီး ရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ရန်ကုန်တိုင်းဒေသကြီး မိုးဦးပန်း အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ဒေသထွက်ကုန်အရောင်းဆိုင် ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး စစ်တွေမြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ယမန်နေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**




တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အဓိက လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်ရသည့်ဌာန ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် ထိန်းသိမ်းရေးအပိုင်းများကိုလည်း အဓိကထားဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် မိမိကျရာတာဝန်များကို ကျေပွန်စွာဖြင့် စေတနာထား ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် လမ်းဦးစီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အင်ဂျင်နီယာချုပ်တို့က သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး သက်လွင်နှင့်အတူ ဆတ်ရိုးကျတံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပင်လယ်နှင့် နီးကပ်စွာတည်ရှိသော တံတားဖြစ်သည့်အတွက် ပင်လယ်ဆားငန်ရေကြောင့် ပျက်စီးမှုမရှိစေရေး ကြပ်မတ်စစ်ဆေးပေးရန်နှင့် တံတားတိုင်များ၏ ကြံ့ခိုင်မှုကို အမြဲမပြတ် ကြည့်ရှုစစ်ဆေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆင်ပေါင်ဝဲမြို့နယ်၌ ကျေးရွာထင်းစိုက်ခင်း ၇၅ ဧက လွှဲပြောင်းပေးအပ်

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဆင်ပေါင်ဝဲမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ခုနှစ် (၂၀၂၁ မိုးရာသီ) တောပုန်းကြိုးပြင်ကာကွယ်တော အကွက်အမှတ်(၁)တွင် စိုက်ပျိုးတည်ထောင်ခဲ့သော ကျေးရွာထင်းစိုက်ခင်း ၇၅ ဧကအား ချောင်းကောက်ကျေးရွာသို့ စိုက်ခင်းလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်က အဆိုပါစိုက်ခင်းနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဝေအောင်က စိုက်ပျိုးတည်ထောင်ခဲ့သော ကျေးရွာထင်းစိုက်ခင်း ၇၅ ဧကကို ချောင်းကောက်ကျေးရွာသို့ စိုက်ခင်းလွှဲပြောင်းပေးအပ်ရသည့် အကြောင်းအရင်းအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက ကျေးရွာထင်းစိုက်ခင်း ၇၅ ဧကကို လွှဲပြောင်းပေးအပ်ခဲ့ရာ ချောင်းကောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဖြိုးဇေအောင်က လက်ခံယူကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ် (ပြန်/ဆက်)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် ဖေဖော်ဝါရီ ၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ကာကွယ်ထိန်းချုပ်ကုသရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ကာကွယ်ထိန်းချုပ်ကုသရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

- **ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရ**
- **ရောဂါဖြစ်ပွားမှုများ မြင့်တက်လာခြင်းကို အချိန်နှင့်တစ်ပြေးညီ ကာကွယ်ထိန်းချုပ်ရန်လိုအပ်၍ ကုသရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများစသည်ဖြင့် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်**

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ရောဂါဖြစ်ပွားမှုများ မြင့်တက်လာခြင်းကို အချိန်နှင့်တစ်ပြေးညီ ကာကွယ်ထိန်းချုပ်ရန်လိုအပ်၍ ကုသရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ စသည်ဖြင့် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ရောဂါသံသယလူနာများ အနေဖြင့်လည်းကောင်း၊ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနေဖြင့် လည်းကောင်း၊ ရောဂါပိုးရှိ/ မရှိ အမြန်စစ်ဆေးနိုင်ရေးနှင့် ပိုးတွေ့ရှိပါကလည်း အမြန်ဆုံးကုသစောင့်ရှောက်မှုများ ပေးနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်များကို အခြေပြု၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် လူနာခုတင်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းထားရှိ ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်) အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို အားဖြည့်ဆောင်ရွက်ခြင်းအနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)နှင့် ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး) တို့ ပါဝင်သောအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခုကို အခြေပြု၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ ဖွဲ့စည်းကာ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပိုးတွေ့ရှိသည့် လူနာများကို သက်ဆိုင်ရာ ကုသရေးစင်တာများသို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနိုင်ရေး၊ ဓာတ်ခွဲစစ်ဆေး၍ ပိုးတွေ့ရှိရခြင်းမရှိသူ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများကိုလည်း သက်ဆိုင်ရာ ကွာရန်တင်းစင်တာများ(သို့မဟုတ်) ဟိုတယ်ကွာရန်တင်းစင်တာများသို့ ပို့ဆောင်ပေးနိုင်ရေး အတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ အနေဖြင့် နီးနွယ်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြသည်။

ဆက်လက်၍ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက အတည်ပြုလူနာများကို ခရိုင်အလိုက်ဖွဲ့စည်းထားသည့် လူနာခုတင်စီမံခန့်ခွဲမှုကော်မတီများမှတစ်ဆင့် သက်ဆိုင်ရာ ခရိုင်အဆင့်ဆေးရုံများ၊ မြို့နယ်/တိုက်နယ်ဆေးရုံများ၊ ကုသရေးစင်တာများသို့ လွှဲပြောင်းပို့ဆောင်နိုင်မည့် အခြေအနေ၊ နီးနွယ်ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဆေးရုံတက်ရောက်ကုသရမည့် ကာလကိုလျှော့ချနိုင်မည့်အခြေအနေ၊ တတိယလှိုင်းကာလတွင် လူနာနည်းပါးလာမှုကြောင့် ခေတ္တရပ်နားထားရသည့် ကုသရေးစင်တာများကို ပြန်လည်ဖွင့်လှစ်နိုင်မည့်အခြေအနေ၊ ကုသရေးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်မည့်အခြေအနေ၊ အောက်ဆီဂျင်နှင့် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိသည့် အခြေအနေ၊ လူနာတင်ယာဉ် ရရှိနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသခြင်းလုပ်ငန်းများစသည်တို့ဆောင်ရွက်ရာတွင် အစစအရာရာ အဆင်ပြေချောမွေ့စေရေးအတွက် မိမိကိုယ်တိုင် သံသယလူနာ(သို့မဟုတ်) ဓာတ်ခွဲအတည်ပြု လူနာတစ်ဦးဖြစ်ပါက မည်သို့ဆောင်ရွက်ရမည်ဆိုသည်ကို စဉ်းစား၍ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို သတိပြု၍ အလေးထားဆောင်ရွက်ကြစေရေး၊ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရေးအတွက် ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ) ၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ပြီး ဆုပေးပွဲ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် ဂေါက်သီးရိုက်အားကစားသမားများ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်ယှဉ်ပြိုင်ကစားကြပြီး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဒွေး တို့က ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကြသည်။

ယှဉ်ပြိုင်ကြသည့် ပွဲစဉ်များ၌ အကျော့ပေးရိုက်ချက် (Handi-cap) (1 – 12) ပြိုင်ပွဲ၊ အကျော့ပေးရိုက်ချက် (Handicap) (13 – 18) ပြိုင်ပွဲ၊ အကျော့ပေးရိုက်ချက် (Handica p) (19 – 24 )ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် အထူးဆုရ ငါးဦးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ပြည်တက္ကသိုလ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်

**ပြည် ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုကျင်းပသော စာစီစာကုံး၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က အဆိုပါ တက္ကသိုလ်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ သက်လွင်က အမှာစကားပြောကြားခဲ့ပြီး ပြည်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အေးလွင်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်တက္ကသိုလ်၌ ဇန်နဝါရီ ၂၉ ရက်က ကျင်းပခဲ့သော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ဘာသာရပ်စုံ သင်တန်းအသီးသီးမှ ကျောင်းသား ကျောင်းသူ ၂၈ ဦးအနက် ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများနှင့် အထူးဆုများကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး) များက ကျောင်းသား ကျောင်းသူများထံ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ကိုဆက်**

**(ပြန်/ဆက်)**



❊*ကျောဖုံးမှ*

အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ NCA အတိုင်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘောရောက်ရှိခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်တွင် ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် "၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့ နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်တဲ့အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ပြည့်စုံဖို့အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်" ဟု ပြောကြားခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၅ နှစ်ခန့်ရှိပြီး ဖြစ်သော်လည်း ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာခိုင်မာမှုနှင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှိသင့်သလောက် မရှိဘဲ ခွန်အားများ၊ စွမ်းအားများ ဆုံးရှုံးလျက်ရှိပါသည်။ ၎င်းခွန်အား၊ စွမ်းအားများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားပြည့် အသုံးပြုနိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိဖို့ လိုအပ်ပါသည်။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာအရေးကြီးပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီအများစုမှလည်း ၅ နှစ်အတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ဦးတည်ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီ ၃ ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းရေးကော်မတီသည် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်း မပြုသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၇) ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် (၂) ကြိမ်၊ စုစုပေါင်း(၃၄) ကြိမ် တွေ့ဆုံခဲ့ပါသည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ဆက်လက် စီမံဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ သာမက NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်ပါသည်။ ထိုသို့ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဆွေးနွေးမည့် အကြောင်းအရာများနှင့်ပတ်သက်၍ ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သလောက် လွတ်လွတ်လပ်လပ် နှီးနှောဖလှယ်နိုင်ရန် ရည်ရွယ်ချက်ထားရှိကြောင်းလည်း အလေးထားဖော်ပြအပ်ပါသည်။

၆။ နိုင်ငံတော်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၃)ရပ်အနေဖြင့် **အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်**မှာ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" ဖြစ်ပြီး **နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်** မှာ "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဖြစ်ပါသည်။ သို့ဖြစ်၍ **ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်**အဖြစ် ယခုနှစ်မှစ၍ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်မည်ဖြစ်ပါသည်။

၇။ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် သမိုင်းအစဉ်အဆက်ဖြစ်ပေါ် တည်ရှိလာသည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရေးအတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စေ့စပ်ညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုဆွေးနွေးသွားကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိန်ရတုပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့် အခါသမယတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရငြိမ်းချမ်းရေးအကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၏ ထာဝရငြိမ်းချမ်းရေးအတွက် လွတ်လပ်ပြီး ကြိုတင် ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စိန်ရတု ပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံး တက်ရောက်နိုင်ရေး ဝိုင်းဝန်းအကျိုးဆောင်ပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



## မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံရှိ လူနာများကို အားပေးထောက်ပံ့ စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ သွားရောက်ကြမည့် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များအား လေဆိပ်၌ နှုတ်ဆက်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၆**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေသော လူနာများအား ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံ ကလေးဖျားနာကုသဆောင်၌ လူနာများအား ကျန်းမာရေး ဝန်ထမ်းများ၏ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ဆေးဝါးကုသမှု ခံယူနေသော လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားများ ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက်တစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားလေဆိပ်၌ နေပြည်တော်တွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ပါဝင်ကြမည့် ပြည်နယ်ကိုယ်စားပြုဂေါက်သီးရိုက်အသင်း၊ အလှပြဂုဏ်ပြုယာဉ်နှင့် ညစာစားပွဲများတွင် ပါဝင်ကြမည့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးအထူးဂရုစိုက်ကြရန်နှင့် ပြည်နယ်ကိုယ်စားပြုပါဝင်ကြမည်ဖြစ်သည့်အတွက် အကောင်းဆုံး ပါဝင်ဆင်နွှဲကြရေး တိုက်တွန်းအားပေး ပြောကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ၂၀၂၂ ပညာသင်နှစ် အဝေးသင် သင်တန်းများ ကျောင်းအပ်မှတ်ပုံတင်ရန် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**အဆင့်မြင့်ပညာဦးစီးဌာန**

**ကြေညာချက်**

**၂၀၂၂ ပညာသင်နှစ် အဝေးသင်သင်တန်းများ ကျောင်းအပ်မှတ်ပုံတင်ခြင်း**

၂၀၂၂ ပညာသင်နှစ်၌ တက္ကသိုလ်အသီးသီး၏ အဝေးသင် သင်တန်းများတွင် ဝိဇ္ဇာ၊သိပ္ပံအထူးပြုဘာသာရပ်များဖြင့် ကျောင်းအပ်နှံရန်ကျန်ရှိသည့် အဝေးသင် ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းအပ်မှတ်ပုံတင်ခြင်းကို (၂၂-၂-၂၀၂၂) ရက်နေ့အထိ တိုးမြှင့်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး စာစဉ်ပို့ချချက်များကို (၂၄-၁-၂၀၂၂) ရက်နေ့မှ စတင်ပို့ချနေပြီဖြစ်သဖြင့် သတ်မှတ်ရက်အတွင်း စာစဉ်များကို တင်သွင်းရမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

❏ *ကျောဖုံးမှ*

ထိုကဲ့သို့ ပြည်ထောင်စုအလံတော်အား ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထိုမှတစ်ဆင့် လေယာဉ်ဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး နေပြည်တော်မြို့တော်ခန်းမသို့ သယ်ဆောင်ပုံအဆင့်ဆင့်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD, MRTV NRC, MRTV FARMERS', MRTV PARLIAMENT, MWD, MWD VARIETY, မြန်မာ့အသံရေဒီယိုတို့မှ ယင်းနေ့နံနက် ၆ နာရီမှစ၍ တိုက်ရိုက်(LIVE) ရိုက်ကူး ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်အတွက်ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဒီမိုကရေစီကျင့်စဉ်အစ ပညာသင်ကျောင်းက

ဒေါက်တာမောင်သင်း

**"ကလေးတွေကို ကျောင်းမှာ ဒီမိုကရေစီ လေ့ကျင့်ပေးနိုင်စွမ်းမရှိတဲ့ နိုင်ငံဟာ ဒီမိုကရေစီ လူ့အဖွဲ့အစည်းကို ဘယ်သောအခါမှ မရောက်နိုင်ပါ"**

**ဘာစ်ကာရာချာယူလူ**

**(အိန္ဒိယပညာရေးပညာရှင်)**

မြန်မာ့လူမှုဝန်းကျင်တွင် "စာသင်ကျောင်း" ဟု သုံးစွဲခေါ်ဝေါ်နေသော ပရိုဝုဏ်သည် "စာသက်သက်သာ သင်သည့်နေရာ" မဟုတ်ပါ။ အနာဂတ်တွင် မိမိကိုယ်ကို "ထိန်းကျောင်း" တတ်ရန် လေ့ကျင့်ပေးသည့်နေရာဖြစ်၍ "ကျောင်း" ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

တကယ်တော့ ကျောင်းသည် သင်ကြား၊ သင်ယူမှုနေရာသက်သက် မဟုတ်ပါ။ အနာဂတ်လူ့အဖွဲ့အစည်းအတွက် မျှော်ကိုး၍ ကလေးငယ်များကို ထိုလူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ကြိုတင်ပြင်ဆင် လေ့ကျင့်ပေးသည့် "လူပြင်သည့်နေရာပါ"။ သို့ဖြစ်၍ ကျောင်းနှင့်စာသင်ခန်းသည် **"အနာဂတ် လူ့အဖွဲ့အစည်း၏ ရှေ့ပြေးပုံစံငယ်"** ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ ရှေးရှုသွားနေသည့် အနာဂတ်လူ့ဘောင်သည် "မြန်မာ့ဒီမိုကရေစီ လူ့အဖွဲ့အစည်း" ပင် ဖြစ်ပါသည်။

အိန္ဒိယပညာရေးပညာရှင်၏ အထက်ဖော်ပြပါ အဆိုကို မြန်မာ့ပညာရေးမှာ တာဝန်ရှိသူများက လက်ခံပြီး အနာဂတ်လူ့အဖွဲ့အစည်း၏ ရှေ့ပြေးပုံစံငယ်ဖြစ်သည့် ကျောင်းနှင့်စာသင်ခန်းတွင် "ဒီမိုကရေစီကျင့်စဉ်" ကို မဖြစ်မနေ လေ့ကျင့်ပေးရန် လိုအပ်ပေလိမ့်မည်။

ကျွန်တော်တို့ ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းဆီ ချီတက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခု ကျော်ခဲ့ပါပြီ။ မျိုးဆက်သစ်ကလေးငယ်များကို ဒီမိုကရေစီအလေ့အကျင့်ရစေမည့် သင်ခန်းစာများ ကျွန်တော်တို့ ကျောင်းများတွင် လေ့ကျင့်ပေး၊ သင်ပေးခဲ့ပါပြီလား။ လေ့ကျင့်ပေးခဲ့လျှင် ကိစ္စမရှိပါ။ မရှိသေးရင်တော့ မဖြစ်မနေ သင်ပေးရပါလိမ့်မည်။ ပညာရေး၏ တာဝန်သည် သူ့ခေတ်သူ့အခါက တောင်းဆိုသည့် လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျစေမည့် အရည်အသွေးများကို ယနေ့ ကလေးများကို လေ့ကျင့်ပေး၊ တပ်ဆင်ပေးရမှာပါ။

ကိုလိုနီခေတ်အခါက အမျိုးသားစိတ်ဓာတ် ပြည့်ဝပြီး လွတ်လပ်ရေးကြိုးပမ်းမှုကို မြှင့်တင်နိုင်မည့် လူငယ်များပေါ်ထွက်လာရန် **"အမျိုးသားပညာရေး"**က (ကိုလိုနီပညာရေးနှင့်အပြိုင်) လေ့ကျင့်ပေးခဲ့ပါသည်။ ထို့ကြောင့် နောင်ဆယ်စုနှစ်အတွင်းမှာ အမျိုးသားရေးဝါဒီ လွတ်လပ်ရေးခေါင်းဆောင်များ ပေါ်ထွန်းခဲ့ပါသည်။ ထိုခေတ် ပညာရေးသည် သူ၏ သမိုင်းပေးတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ပါသည်။ ယနေ့ မြန်မာ့လူ့အဖွဲ့အစည်း ဦးတည်နေသည့်လမ်းကြောင်းက ဒီမိုကရေစီ လူ့အဖွဲ့အစည်းပါ။ ဤလူ့အဖွဲ့အစည်းအတွက် လိုအပ်သည့် **"စံပြည့် ဒီမိုကရေစီနိုင်ငံသား"**အဖြစ် လေ့ကျင့်ပေးရမည့် တာဝန်မှာ ကျွန်တော်တို့ခေတ် ပညာရေး၏ပခုံးပေါ် ကျရောက်လာပါပြီ။ ပညာရေးမှတာဝန်ရှိသူများ အားကြိုးမာန်တက် ထမ်းဆောင်ရပါလိမ့်မည်။ ပညာရေးကို ရှေ့တန်းက အကောင်အထည်ဖော်နေသည့်နေရာများက အမျိုးမျိုးသော "ကျောင်း" များမို့ နောက်ဆုံးတွင် ကျောင်းဆရာများ၏ ပခုံးပေါ် တာဝန်ကျရောက်လာပါပြီ။

**ပညာရေးနှင့် သမိုင်းပေးတာဝန် ကျေပွန်မှု**

မြန်မာ့ပညာရေးက ဒီမိုကရေစီအရည်အသွေးပြည့်ဝသူများ လေ့ကျင့်ပေးသည်မှာ အထူးအဆန်းမဟုတ်ပါ။ ၁၉၅၄ ခုနှစ်က ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရ၏ ရှစ်နှစ်တာပညာရေး အစီရင်ခံစာကို လေ့လာရာတွင် ကျောင်းသူတစ်ဦး ကျောင်းသားကိုယ်စားလှယ် ရွေးချယ်နေသည့် ဓာတ်ပုံကို တွေ့မိပါသည်။ ထိုအချိန် မြန်မာ့ ပါလီမန် ဒီမိုကရေစီနှင့် လိုက်လျောညီထွေရှိမည့် "ဒီမိုကရေစီ" အလေ့အကျင့်ကို ကျောင်းသားအရွယ်ကတည်းက ကျောင်းများတွင် စတင်လေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။ ပညာရေးသည် သူ့ခေတ်၊ သူ့အခါတွင် သမိုင်းပေးတာဝန်ကျေခဲ့ပါသည်။

ထို့အပြင် ရန်ကုန်ခရိုင် ပညာဝန် ဦးခင်သန်း (ဗိုလ်ချုပ်အောင်ဆန်းကို ရေနံချောင်း အမျိုးသားကျောင်းသားဘဝက ပါဠိနှင့် မြန်မာစာ ဂုဏ်ထူးထွက်အောင် သင်ပေးခဲ့သူ) ရေးသားသည့် **"လူမှုရေးရာ သင်ပြမှု"** စာအုပ်ကို ဖတ်မိပါသည်။ လူ့တန်ဖိုးမြင့်စေရန် သဘောတရားထက် လက်တွေ့ လေ့ကျင့်နိုင်မှုကို ပိုပြီး ဦးစားပေးထားသည့် ၁၉၅၆ ခုနှစ်ထုတ် **"ပြဋ္ဌာန်းစာအုပ်"** ဖြစ်ပါသည်။ ဆရာကြီး၏ စာအုပ်တွင် ရန်ကုန်တက္ကသိုလ် ဆရာအတတ်သင် မဟာဌာနမှူး ဆရာကြီး ဦးကွန်း၏ အမှာစာ၌ **"ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီကျင့်သုံးနေသောနိုင်ငံ** ဖြစ်သည်။

**❑ တစ်သင်းတည်းသာ ကောင်းနေ၍လည်းမရပါ။ အသင်းငါးသင်းစလုံး ကောင်းပါမှ ဖြစ်ပေမည်။ တစ်ဦးချင်း အရည်အသွေးမြင့်မားမှုမှသည် အတန်း၊ ကျောင်းနှင့် နောက်ဆုံးတွင် တိုင်းပြည်ကောင်းမည် ဟူသည့်အသိနှင့် အကျင့်တရားများ ကျောင်းသားအားလုံး၏ ဦးနှောက်ထဲတွင် စွဲသွားစေရန် လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။ ထို့အတူ စုပေါင်းညီညွတ်မှုဖြင့် ကစားရသည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘောမှသည် ပြေးခုန်ပစ်အထိ အတန်းဂုဏ်၊ အသင်းဂုဏ်၊ ကျောင်းဂုဏ်မှသည် ဘုံရည်မှန်းချက်ဖြစ်သည့် နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်သည်အထိ စည်းလုံးမှုအင်အားဖြင့် ဆောင်ရွက်တတ်စေရန် ကျောင်းကောင်စီဖြင့် လေ့ကျင့်ပေးနေပါသည်။ စည်းလုံးမှုဖြင့် ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခြင်းသည် ဒီမိုကရေစီယဉ်ကျေးမှု၏ အုတ်မြစ်လည်း ဖြစ်ပေသည်**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဒီမိုကရေစီစနစ်ကို အခြေခံကာ ရေးဆွဲထားသော ဥပဒေဖြစ်သည်"** ဟု ဆိုပြီး ထိုခေတ် နိုင်ငံတော်၏ ရည်မှန်းချက်၊ လမ်းစဉ်ကို ဖော်ပြခဲ့ပါသည်။ ပညာရေးသည် နိုင်ငံတိုင်း၏ ရှေ့ဆက်သွားရမည့်မူ၊ လမ်းစဉ်ကို အကောင်အထည်ဖော်မည့် အရည်အသွေးမြင့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန် တာဝန်အရှိဆုံးပါ။

ဒီမိုကရေစီ နိုင်ငံတော် အခွန့်ရှည် တည်တံ့ခိုင်မြဲစေရန် အဓိကထား လေ့ကျင့်ပေးရမည့်သူများကိုလည်း ဆရာကြီး၏ အမှာစာတွင် တိတိလင်းလင်း ဖော်ပြထားပါသည်။ ဆရာကြီး၏ ဖော်ပြချက်မှာ **"ဒီမိုကရေစီနိုင်ငံတွင် ဒီမိုကရေစီဝါဒ အခွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လူကြီးများသာမက ကလေးများအားလည်း ဒီမိုကရေစီဝါဒကို လိုက်နာကျင့်သုံးစေသင့်သည်။ ကလေးများအား ငယ်စဉ်ကတည်းက ဒီမိုကရေစီကျသော နေထိုင်မှု၊ အလေ့အထများကို ရစေလျှင် ၎င်းတို့ကြီးပြင်းလာသောအခါ ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးသွားကြလိမ့်မည်။ လူကြီးရော ကလေးပါ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံတွင် ဒီမိုကရေစီဝါဒသည် အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲလိမ့်မည်။ ထို့ကြောင့် ကလေးသူငယ်များအား ကျောင်းနေစဉ် ကလေးဘဝမှစ၍ ဒီမိုကရေစီစနစ် နေထိုင်မှုအလေ့အထများကို ကလေးများအား ရရှိစေသင့်သည်"** ဟူ၍ ဖြစ်ပါသည်။

ဒီမိုကရေစီ လူ့အဖွဲ့အစည်းဆီသို့ လျှောက်လှမ်းနေသည့် နိုင်ငံတစ်နိုင်ငံတွင် **"ဒီမိုကရေစီကျင့်စဉ်အစ ပညာသင်ကျောင်းက"** ဟု တိတိကျကျ ဖော်ညွှန်းလိုက်ခြင်း ဖြစ်ပါသည်။ နောင်တစ်ချိန်တွင် နိုင်ငံကို ဦးဆောင်ကြမည့် ယနေ့ခေါင်းဆောင်လောင်းများသည် ဒီမိုကရေစီယဉ်ကျေးမှုနှင့် ကလေးဘဝကတည်းက ယဉ်ပါးနေပါမှ နိုင်ငံ၏ကောင်းကျိုးတာဝန်ထမ်းဆောင်နိုင်သည့်ဘဝ ရောက်သောအခါ **"စံပြည့် ဒီမိုကရေစီသားကောင်းရတနာများ"** အဖြစ် အောင်အောင်မြင်မြင် ဦးဆောင်ကြပါလိမ့်မည်။


**ကျောင်းနှင့် ဒီမိုကရေစီ အလေ့အကျင့်**

ကျွန်တော်တို့၏ ကလေးငယ်များအား လူချွန်လူကောင်းများအဖြစ် သင်ကြားလေ့ကျင့်ပေးနေသည့် ကျောင်းများတွင် ဒီမိုကရေစီ အလေ့အကျင့်များ ပေါ်ထွန်းလာစေရန် သင်ရိုးများ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ကလေးများကို ထိုအလေ့အကျင့်များ ပိုမိုထွန်းတောက်ဖို့ လေ့ကျင့်ပေးရန်နှင့် ဤသို့ လေ့ကျင့်ပေးနေမှုများသည် "ဒီမိုကရေစီကျင့်စဉ်"၊ "စံ" နှင့် "အနှစ်သာရ" များပင် ဖြစ်ကြောင်း မီးမောင်းထိုးပြ သင်ကြားပေးသင့်ပါသည်။ ကျောင်းစာလောက်သာသင်ပြီး စာမေးပွဲရမှတ် ပြိုင်နေရုံဖြင့်သာ ကျေနပ်နေကြလျှင်ဖြင့် နိုင်ငံသည် "ဒီမိုကရေစီယဉ်ကျေးမှု" နှင့် အလှမ်းဝေး နေပါလိမ့်မည်။ ကျောင်းများတွင် ရှိပြီးသားဖွံ့ဖြိုးရေးအချိန်များကို ပြည့်ပြည့်ဝဝ အသုံးချရန် လိုပေသည်။ ထိုဖွံ့ဖြိုးရေးအချိန်များတွင် ပါဝင်လှုပ်ရှားမှုများနှင့် သင်ခန်းစာများသည် ကလေးများဘဝအတွက် စာမေးပွဲရမှတ်လွန် အောက်ဖော်ပြပါ "ဒီမိုကရေစီတန်ဖိုး" များ ပေါ်ထွန်းလာစေပါသည်-

**(၁) အများနှင့် ငြိမ်းချမ်းစွာ အတူနေတတ်ရန်**

ယခုအချက်သည် ကလေးများကို ကျောင်းသို့ ကျွန်တော်တို့ မိဘများ လွှတ်ရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သလို ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် ထိပ်ဆုံးက တတ်ကျွမ်းပြီး ရှင်သန်နေရမည့်ပညာမှာ **"လူတွေနှင့်အတူ ငြိမ်းချမ်းစွာ နေတတ်ဖို့"** **"ပေါင်းသင်းဆက်ဆံတတ်ဖို့"** ပင် ဖြစ်ပါသည်။

သို့မှသာ မိမိရော၊ မိမိပတ်ဝန်းကျင်ပါ ငြိမ်းချမ်းမှုကို ဖော်ဆောင်ပါလိမ့်မည်။ ဒီမိုကရေစီကျင့်စဉ်သည် ငြိမ်းချမ်းမှုကိုသာပေး၏။ လူတွေနှင့်ဆိုသော်လည်း မိသားစုဝင်များနှင့်သာ မဟုတ်ပါ။ ဆွေမတော် မျိုးမစပ် ရွယ်တူများနှင့် ဆော့ကစားရင်း၊ စာသင်ရင်း၊ အတန်းအကျိုး၊ ကျောင်းအကျိုးသယ်ပိုးရင်း ပေါင်းသင်းဆက်ဆံရေး ကြွယ်ဝလာစေရပါမည်။ ရွယ်တူများနှင့် ကစားခုန်စားခွင့်ရခြင်း၊ အတူကြီးပြင်းခွင့်၊ ပျော်ရွှင်စွာ ပညာရှာခွင့်ရခြင်းသည်ပင် ကလေးဘဝ၏ အကြီးမားဆုံး လူ့အခွင့်အရေးကို ရရှိခြင်းပါ။ အိမ်မှာ ရွယ်တူ ဘယ်နှဦးရှိနိုင်ပါမည်လဲ။ ကျောင်းမှာလောက် မများနိုင်ပါ။ ထို့အတူ အတန်းကြီးသူ၊ အတန်းငယ်သူများနှင့် ပေါင်းတတ်၊ သင်းတတ်ရပါသည်။ သို့မှသာ ကြီးသူကိုလေးစား၊ ငယ်သူကို စာနာတတ်ခြင်းဆိုသည့် ပြေပြစ်သည့် ပေါင်းသင်းဆက်ဆံရေး၏ အဓိကသော့ချက်ကို ရနိုင်မှာပါ။ ဤသည်မှာ ဒီမိုကရေစီလူ့အဖွဲ့အစည်း အတွင်း အမြဲရှိနေရမည့် စိတ်ထားဖြစ်ပေသည်။




ရန်ကုန်ခရိုင် ပညာဝန် ဦးခင်သန်း (ဗိုလ်ချုပ်အောင်ဆန်းကို ရေနံချောင်း အမျိုးသားကျောင်းသားဘဝက ပါဠိနှင့်မြန်မာစာ ဂုဏ်ထူးထွက်အောင် သင်ပေးခဲ့သူ)ရေးသားသည့် "လူမှုရေးရာ သင်ပြမှု" စာအုပ်

**(၂) တန်းတူအခွင့်အရေးရရှိရန်**

အိမ်က မိသားစုမှာ ဘဝနောက်ခံ အတူတူ၊ ကိုးကွယ်ရာဘာသာ အတူတူဆိုတော့ မတူကွဲပြားမှု၏တန်ဖိုးကို မသိနိုင်၊ နားမလည်နိုင်ပါ။ ကျောင်းမှာ အတူပညာသင်ကြားကြသည့် အတန်းဖော်များတွင် ရှန်းကန်လှုပ်ရှားမှုကို အခြေခံကာ ဆင်းရဲ၊ ချမ်းသာ ကွာဟမှု၊ မိဘ၏ ရာထူးဂုဏ်သိန် စသည်ဖြင့် အမျိုးမျိုးသော သားသမီးများ စုံလင်လှသည်။ ကွဲပြားခြားနားနိမ့်ကျသည့် ဘဝများကို စာနာတတ်ခြင်းသည် ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုကို ဖြစ်ထွန်းစေပါသည်။

ထို့အပြင် ကျောင်းစည်းကမ်းတွင် မိဘ၏ ရာထူးဂုဏ်သိန်၊ စည်းစိမ် အရှိန်အဝါများကို ကျောင်းသို့ သယ်ဆောင်လာခွင့်မပြုပါ။ စာသင်ခန်းတွင် ဆူကြုံနိမ့်မြင့် မရှိပါ။ အဆင့်အတန်း ခွဲခြားမှုကင်း၏။ တန်းတူကြိုးစားခွင့်၊ အောင်မြင်ခွင့်ရှိ၏။ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် **"တန်းတူအခွင့်အရေးရရှိမှု"** (Equality) ၏ အရသာကို စာသင်ခန်းတွင် စတင်ခံစားရပေသည်။ အကယ်၍ ကျွန်တော်တို့ သားသမီးများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရခဲ့လျှင် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အနှစ်သာရဖြစ်သည့် တန်းတူအခွင့်အရေးရမှု အလေ့အကျင့်နှင့် ယင်း၏တန်ဖိုးကို ကျွန်တော်တို့၏ မျိုးဆက်သစ်များ မရနိုင်တော့ပေ။

ကျောင်းတွင် ဘဝနောက်ခံ မတူညီသူအချင်းချင်း ပျော်ရွှင်ငြိမ်းချမ်းစွာ ပညာသင်တတ်ရန်၊ နားလည်စာနာမှုဖြင့် နေထိုင်တတ်ရန်၊ အတန်းအကျိုး၊ ကျောင်းအကျိုး ပေါင်းစုညီညာစွာ သယ်ပိုးတတ်ရန်နှင့် နောက်ဆုံးတွင် **"ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်သည့် ပြည့်ဝနိုင်ငံသား"** များ ဖြစ်ထွန်းလာစေရန် ကျွန်တော်တို့ မဖြစ်မနေ အားပေးရပေမည်။ သို့ဖြစ်၍ ကမ္ဘာတစ်လွှားတွင် **"ဒီမိုကရေစီ ကျင့်စဉ်အစ ပညာသင်ကျောင်းက"** ဟူသည့်အမြင်ဖြင့် ကလေးများကို ကျောင်းသို့ စေလွှတ်ကာ မိဘများက ဆရာများထံအပ်၍ လေ့ကျင့်ပေးနေပါသည်။ *စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

### (၃) ကျင့်ဝတ်နှင့် စည်းကမ်းကို လေးစားလိုက်နာ တန်ဖိုးထားတတ်ရန်

လူနှင့်တိရစ္ဆာန် ကွာခြားချက်မှာ လူတွင် ကျင့်ဝတ်ရှိခြင်းနှင့် ယင်းကိုသိ၍ ကျင့်ကြံလိုက်နာခြင်းပါ။ ကျင့်ဝတ်နှင့်စည်းကမ်းကို လိုက်နာတန်ဖိုးထားတတ်မှုသည် ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရပင်ဖြစ်ပါသည်။

ဒီမိုကရေစီသည် မင်းမဲ့စရိုက်မဟုတ်ကြောင်းနှင့် စည်းကမ်းလိုက်နာနိုင်ရန် စာရိတ္တနှင့် ပြည်သူ့နီတိတို့ဖြင့် သင်ကြားလေ့ကျင့်ပေးပါသည်။ စာသင်ရာ၊ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာ၊ လမ်းသွားရာ၊ ပေါင်းသင်းဆက်ဆံရာ၊ စာမေးပွဲစစ်ဆေးရာ၊ အားကစားပြိုင်ပွဲများတွင် စည်းကမ်းကျနစွာ မည်ကဲ့သို့နေထိုင်ကျင့်သုံးရမည်များနှင့် ရပ်ရွာတွင်း၊ အိမ်တွင်း၊ မိသားစုအတွင်း လိုက်နာရမည့် ကျင့်ဝတ်များလည်း ပါဝင်ပါသည်။

စည်းကမ်းသည် ချုပ်ချယ်တားမြစ်သည့်သဘောမဟုတ်ပါ။ မိမိတို့ဘဝ လွတ်လပ်စွာ ဖွံ့ဖြိုးရန်အတွက် မိမိတို့၏ "အကာအကွယ်" ဖြစ်ကြောင်း ကလေးများကို ကိုယ်တိုင်နားလည်သဘောပေါက်လာစေရန် လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။ စည်းကမ်းလိုက်နာမှုသည် မိမိ၏ ငြိမ်းချမ်းမှု၊ လွတ်လပ်မှုနှင့် ဖွံ့ဖြိုးမှုကို ဖြစ်ထွန်းစေပြီး သူတစ်ပါးကိုလည်း ထိခိုက်နစ်နာစေခြင်းမှ ကင်းဝေးစေပါသည်။ တစ်ဦးချင်း၊ အတန်းတွင်း၊ ကျောင်းတွင်းမှသည် ရပ်ရွာ၊ နိုင်ငံအတွင်း စည်းကမ်းကို ရှိသေလေးစားလိုက်နာ တန်ဖိုးထားခြင်းဖြင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်း အစဉ်ဖြစ်ထွန်းလာစေရန် ဖြစ်ပါသဖြင့် **"အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့် ဆောင်ပုဒ်သည် မြန်မာ့ကျောင်းတိုင်းတွင် ခေတ်အဆက်ဆက် ဆက်လက်အကောင်အထည်ဖော်နေမည့် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အလိုအပ်ဆုံးဆောင်ပုဒ်ဟု မြင်မိပါသည်။

### (၄) ပြည့်ဝနိုင်ငံသားများ ဖြစ်ထွန်းရန်

ကျောင်းများတွင် ပညာရေး၏ အဓိကရည်မှန်းချက်ဖြစ်သော ပြည့်ဝနိုင်ငံသား (Good Citizen) ဟု ဆိုအပ်သည့် **"မိမိ မွေးဖွားရှင်သန်ရာ နိုင်ငံ၏ နိုင်ငံသားဖြစ်ရတာ ဂုဏ်ယူစိတ်ရှိသူများ"** ပေါ်ထွန်းရန် လေ့ကျင့်ပေးနေပါသည်။ နိုင်ငံသားကောင်းတစ်ဦး ဖြစ်လာလျှင် ဒီမိုကရေစီစိတ်ထား ပိုင်ဆိုင်သူ (Good Democrat) အဖြစ်လည်း ကျွဲကူးရေပါ ဖြစ်လာတော့သည်။ ထိုစိတ်ထားပိုင်ရှင်သည် စာရိတ္တခိုင်မာမှု၊ စာနာမှု၊ လူမှုဆက်ဆံရေးအသိမြင့်မားမှု၊ ပြောဆိုလိမ္မာယဉ်ကျေးမှု၊ ကျန်းမာကြံ့ခိုင်မှု၊ နိုင်လိုမင်းထက်ကင်းမှု၊ သည်းခံမှု၊ စည်းကမ်းလိုက်နာမှု၊ ပြဿနာကို ကျိုးကြောင်းဆီလျော်စွာ ဖြေရှင်းနိုင်မှုနှင့် ရည်မှန်းချက်ကို ပေါက်မြောက်အောင် စုပေါင်းဆောင်ရွက်တတ်မှု စသည့် ဗလငါးတန် ပြည့်စုံသည့် နိုင်ငံသားများပင် ဖြစ်ပါသည်။

ထို့အပြင် ကျောင်းသည် မိမိနှင့် မိမိလူ့အဖွဲ့အစည်း၏ မငြိမ်းချမ်းမှုပြုခြင်းကို ရှောင်ရှားနိုင်သူနှင့် ငြိမ်းချမ်းမှုကို မြတ်နိုးတည်ဆောက်သူများ ဖြစ်လာအောင် လေ့ကျင့်ပေးပါသည်။ ထိုသို့ လေ့ကျင့်ရာ၌ အဓိကသင်ရိုးထဲတွင် သိသင့်သိထိုက်သည့် အကြောင်းအရာများကို အခြေပြု၍လည်းကောင်း၊ သင်ရိုးပြင်ပ ဖွံ့ဖြိုးရေးအချိန်များ၊ အားကစားလေ့ကျင့်မှုများ၊ လေ့လာရေးခရီးများ၊ ကျောင်းတွင်း ပြပွဲ၊ ပြိုင်ပွဲများ၊ ကျောင်းကောင်စီအဖွဲ့များတွင် ပါဝင်လှုပ်ရှားစေခြင်းတို့လည်းကောင်း ပါဝင်ပါသည်။

### (၅) ဘုံရည်မှန်းချက်ကို စုပေါင်းအကောင်အထည်ဖော်တတ်ရန်

ကျောင်းများတွင် ကျောင်းကောင်စီ အသင်းများ ရှိပါသည်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက



ဒီမိုကရေစီကိုလိုလားသည်ဟုဆိုကြသည့် NUG ထောက်ခံသူများသည် ဒီမိုကရေစီကျင့်စဉ် အစပြုရာဖြစ်သည့် စာသင်ကျောင်းများကိုပါ အကြမ်းဖက်တိုက်ခိုက်လျက်ရှိရာ မီးရှို့ဖျက်ဆီးခံရသည့် ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ စာသင်ကျောင်း။

◆ **ကျောင်းများတွင် ကျောင်းကောင်စီလောက်သာ ဖွဲ့စည်းပြီး အသင်းခေါင်းဆောင်ရွေးချယ်တတ်ရုံဖြင့်တော့ ဒီမိုကရေစီအရည်အသွေးမျိုးဆက်သစ်များဆီမှာ မပြည့်စုံနိုင်သေးပါ။ ဆရာကြီး ဦးခင်သန်း၏ ပြဌာန်းစာအုပ်ကဲ့သို့ ယနေ့ခေတ်နှင့် လျော်ညီသည့် (ပုံတူကူးချရန်မဟုတ်ပါ) ဒီမိုကရေစီကျင့်စဉ်နှင့်ဆိုင်သော စာတွေ့နှင့် လက်တွေ့ပိုမိုများသော သင်ခန်းစာများကိုပါ ပြဌာန်းပြီး ထပ်ဆောင်းလေ့ကျင့်သင်ကြားပေးနိုင်မှသာ ထိုကျောင်းကို "ဒီမိုကရေစီကျောင်း" ဟု ခေါ်ဆိုနိုင်သကဲ့သို့ ဒီမိုကရေစီယဉ်ကျေးမှုမှာ ပျော်မွေ့သည့် နိုင်ငံသားများ ပေါ်ထွန်းလာကြပါလိမ့်မည်**

လေးသင်းပါ။ ယခုတော့ ငါးသင်း ဖြစ်နေပါပြီ။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားနှင့် ဗန္ဓုလအသင်းများ ဖြစ်ပါသည်။ အနော်ရထာသည် နောက်တိုးအသင်း ဖြစ်ပါသည်။

မိမိတို့၏ ကြိုးပမ်းအားထုတ်မှုရလဒ်ကြောင့် ကိုယ့်အသင်းအလံ ထိပ်ဆုံးတွင် ချိတ်ဆွဲနိုင်ရေးအတွက် အားကစား၊ သန့်ရှင်းရေး၊ စည်းကမ်းလိုက်နာမှု၊ လပတ်စာမေးပွဲ ဖြေဆိုအောင်မြင်မှု၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကြက်ခြေနီအသင်း၊ စကားရည်လုပွဲ၊ ဟောပြောပွဲများ၌ တက်ကြွစွာပါဝင်လှုပ်ရှားရာတွင် အသင်းတာဝန်ခံ ဆရာ ဆရာမများ၏ ဦးဆောင်မှု၊ အတန်းကြီးမှ အစ်ကို အစ်မများ၏ လမ်းပြမှုဖြင့် အသင်းသားများ ညီညီညွတ်ညွတ် ကြိုးပမ်းကြပါသည်။

ထိုသို့ ကြိုးပမ်းရာတွင် **"မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်"** ဆိုသည့် ကျောင်းကောင်စီ အဓိဋ္ဌာန်လေးချက်နှင့် ညီရပါလိမ့်မည်။ မိမိက စတင်၍ မိမိ၏ ပတ်ဝန်းကျင်ကို ကောင်းအောင် ကြိုးပမ်းသည့် စိတ်ထားဖြင့် နေထိုင်ခြင်းသည် ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်း ထာဝရ ရှင်သန်နေသင့်သည့် **"အဓိကကျင့်ဝတ်"** ပင် ဖြစ်ပါသည်။ ထိုလေးချက်သည် ဆိုကောင်းရုံ၊ သိရုံသက်သက် မဟုတ်ပါ။ ဘဝတစ်လျှောက် ကျင့်ကြံအားထုတ် (Learning to do) ရမည့် အချက်များဖြစ်ပါသည်။

**တစ်သင်းတည်းသာ ကောင်းနေ၍လည်း မရပါ။ အသင်း ငါးသင်းစလုံး ကောင်းပါမှ ဖြစ်ပေမည်။ တစ်ဦးချင်း အရည်အသွေး မြင့်မားမှုမှသည် အတန်း၊ ကျောင်းနှင့် နောက်ဆုံးတွင် တိုင်းပြည်ကောင်းမည် ဟူသည့်အသိနှင့် အကျင့်တရားများ ကျောင်းသားအားလုံး၏ ဦးနှောက်ထဲတွင် စွဲသွားစေရန် လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။ ထို့အတူ စုပေါင်းညီညွတ်မှုဖြင့် ကစားရသည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘောမှသည် ပြေးခုန်ပစ်အထိ အတန်းဂုဏ်၊ အသင်းဂုဏ်၊ ကျောင်းဂုဏ်မှသည် ဘုံရည်မှန်းချက်ဖြစ်သည့် နိုင်ငံ့ဂုဏ် မြှင့်တင်နိုင်သည်အထိ စည်းလုံးမှု အင်အားဖြင့် ဆောင်ရွက်တတ်စေရန် ကျောင်းကောင်စီဖြင့် လေ့ကျင့်ပေးနေပါသည်။ စည်းလုံးမှုဖြင့် ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခြင်းသည် ဒီမိုကရေစီယဉ်ကျေးမှု၏ အုတ်မြစ်လည်း ဖြစ်ပေသည်။**

အထက်ပါ ကျောင်းတိုင်းတွင် ခေတ်အဆက်ဆက် တည်ရှိခဲ့သည့် လေ့ကျင့်မှုများကို ဆရာကြီး ဦးခင်သန်း၏ စာအုပ်တွင် ပြဋ္ဌာန်းထားသည့်–

- ဒီမိုကရေစီဝါဒ တည်တံ့ခိုင်မြဲရေး၊
- ဒီမိုကရေစီနှင့် ကျောင်းတာဝန်၊
- မူလတန်းကျောင်းများတွင် ဒီမိုကရေစီစနစ် နေထိုင်မှု၊
- မူလတန်းစာသင်ခန်းတွင် ဒီမိုကရေစီကျင့်သုံးမှု၊
- ကျောင်းတွင်း ဒီမိုကရေစီ ... စသည်တို့ဖြင့် ပေါင်းစပ်လေ့ကျင့်ပေးနိုင်လျှင် ပိုမိုလျှင်မြန်ထိရောက်လိမ့်မည်ဟု မြင်မိပါသည်။

### ကိုယ်စိတ်နှလုံး အေးချမ်းမှ ဒီမိုကရေစီ ပြည့်ဝသည့်ဘဝ

ယနေ့ ကျောင်းများတွင် ဒီမိုကရေစီကျင့်စဉ် အကြောင်း လေ့ကျင့်ပေးမည်ဆိုလျှင် ပါဝင်သင့်သည့် ဆရာကြီး၏ ပြဋ္ဌာန်းစာအုပ်ပါ ဒီမိုကရေစီ အနှစ်သာရတချို့ကို ဆွေးနွေးတင်ပြလိုက်ပါသည်။

ဒီမိုကရေစီကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ **"ဒီမိုကရေစီဆိုသည်မှာ နိုင်ငံရေးနှင့်ဆိုင်သော ဝါဒသာမဟုတ်၊ လူမှုဆက်ဆံရေးနှင့် စပ်လျဉ်း၍ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံးကို ကျင့်သုံးရေးအတွက် ညွှန်ပြသော လမ်းစဉ်လည်း ဖြစ်သည်။ အခြေခံသဘောအားဖြင့် ဒီမိုကရေစီဝါဒသည် လူတိုင်းလူတိုင်းတွင်ရှိသော ပကတိတန်ဖိုးကိုလည်းကောင်း၊ ရခဲလှသော လူ့ဘဝ၏ မြင့်မြတ်ပုံကိုလည်းကောင်း ယုံကြည်လေးစားသော ဝါဒဖြစ်သည်။ လူတိုင်းလူတိုင်း၌ လူအဖြစ် နေထိုင်ခွင့်၊ လွတ်လပ်စွာ ပြုမူပြောဆိုနိုင်ခွင့်ရှိသည်။ ထိုအခွင့်အရေးကို လူတိုင်းလူတိုင်း ခံစားနိုင်အောင် လူတိုင်းဆောင်ရွက်ရန် လိုသည်"** ဟု ဆရာကြီးက ဖော်ပြထားပါသည်။

ဆိုလိုသည်မှာ လူသားတိုင်းသည် ကိုယ်၊ စိတ်၊ နှလုံး ငြိမ်းချမ်းသာယာဝပြောစွာ လူ့ဘဝကြီးတွင် နေထိုင်နိုင်သည့် အခွင့်အရေးသည် လူတစ်ယောက်အဖြစ် စတင်မွေးဖွားကတည်းက ပါလာကြောင်းနှင့် ထိုအခွင့်အရေးနှင့်အညီ ရှင်သန်နေထိုင်ခွင့်ရပါမှ ဒီမိုကရေစီ ပြည့်ဝသည့် လူမှုဘဝဟု ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။ ကိုယ်စိတ်နှလုံး မငြိမ်းချမ်းသည့်ဘဝနှင့် ယင်းကဲ့သို့ဖြစ်ရန် ဖန်တီးနေမှုများသည် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ ဆန့်ကျင်ဘက်သာ ဖြစ်ကြောင်း ခံယူနိုင်သည်အထိ လေ့ကျင့်ပေးရပါလိမ့်မည်။

### ကျောင်းသည် ဒီမိုကရေစီ ပုခက်

ဆရာကြီးက ဒီမိုကရေစီဆိုသည်မှာ အစိုးရအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးသမားများ၊ ဝန်ထမ်းများနှင့် နိုင်ငံရေးသမား၊ ပညာတတ်တွေလောက်သာ သိထားရမည့်အရာ မဟုတ်ပါ။ နိုင်ငံသားတိုင်း သိ၊ ကျင့်၊ နေထိုင်ပြီး (လှည်းနေလှေအောင်း မြင်းစောင်းမကျန်) နေ့စဉ်လူနေမှုဘဝမှာ ထိုအကျင့်ကို အသုံးချဖို့ ဖြစ်ကြောင်းကို **"ဒီမိုကရေစီသည် သဘောတရားသက်သက်မဟုတ်၊ နေ့စဉ်နှင့်အမျှ ကျင့်သုံးဆောင်ရွက်ရမည့် ကျင့်စဉ်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုလျှင် ဒီမိုကရေစီသည် လူအများ သင့်မြတ်စွာ စုပေါင်း၍ သင့်မြတ်စွာ စုပေါင်းနေထိုင် လုပ်ကိုင်နိုင်ရေးအတွက် နေထိုင်မှုစနစ်တစ်ရပ်ဖြစ်သည်"** ဟု ဖော်ပြထားပါသည်။

ထို့အပြင် ဆရာကြီးက **"ကျောင်းကို ဒီမိုကရေစီ ပုခက်ဟု ပြောစမှတ်ပြုကြသည်။ ကလေးများ ကျောင်းထွက်လျှင် လောကသားအနေဖြင့် တာဝန်ထမ်းဆောင်ကြသည်ဖြစ်ရာ ဒီမိုကရေစီကို ကလေးများ၏ အိမ်နှင့်ကျောင်းတွင် မျိုးစေ့ချပေး၍ ကလေး၏ ပတ်ဝန်းကျင်သည်လည်း ဒီမိုကရေစီရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်စေရမည်။ ကျောင်းတွင် ကလေးများ၏ နေ့စဉ် အတွေ့အကြုံများသည် သဘာဝကျသော ဒီမိုကရေစီနေထိုင်မှု အတွေ့အကြုံများ ဖြစ်ရမည်"** ဟု ဆိုပြီး ပညာရေးက ကျောင်းများတွင် လေ့ကျင့်ပေးနေခြင်းများအားလုံးသည် ကလေးများ၏ အနာဂတ်တွင် သူတို့နေထိုင်ကြရမည့် လူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေရှိမည့် အရည်အသွေးများကို တပ်ဆင်ပေးနေခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ မျှော်မှန်းသည့် အနာဂတ်မြန်မာ့ဒီမိုကရေစီလူ့ဘောင်အတွက် ကလေးများကို ယနေ့ကျောင်းများက ဒီမိုကရေစီ၏ "စံ"၊ "အကျင့်"၊ "နေထိုင်မှုဘဝ" များကို ကျောင်းမှာနေရင်း မဖြစ်မနေ လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။

### ဒီမိုကရေစီ လေ့ကျင့်မှုအစ သူငယ်တန်းက

ဆက်လက်၍ ဆရာကြီးက ဒီမိုကရေစီအလေ့အကျင့်ကို အထုံပါရမီဖြစ်အောင် ကျောင်းများတွင် ပြင်ဆင်လေ့ကျင့်ပေးမည်ဆိုလျှင် ဘယ်အတန်းကစပြီး ကျောင်းများတွင် သင်ရမှာလဲ ဆိုသည်နှင့်ပတ်သက်၍ **"ဒီမိုကရေစီ လက်တွေ့ ကျင့်သုံးစေမှုကို ကလေး ကျောင်းသို့ စတင်ရောက်လာသော ပထမနေ့စ်၌ပင် အစပြုသင့်သည်။**

*စာမျက်နှာ ၁၀ သို့*

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်

**ဘားအံ ဖေဖော်ဝါရီ ၆**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် ညနေ ၆ နာရီခန့်က ကရင်ပြည်နယ် ဘားအံမြို့ ဘားအံဂေါက်ကလပ်မြက်ခင်းပြင်၌ ကျင်းပသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နံနက်ပိုင်းတွင် ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးခဲ့ပြီး ကရင်ပြည်နယ်အတွင်းရှိ ဂေါက်သီးရိုက် အားကစားသမား ၇၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေ ၆ နာရီခန့်က ဘားအံဂေါက်ကလပ်မြက်ခင်းပြင်၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ ဘားအံဂေါက်ကလပ်ဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူက လိုင်းနှင့်အနီးဆုံးဆု၊ ကျင်းနှင့်အနီးဆုံးဆုရ အားကစားသမားများကို လည်းကောင်း၊ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်က အဝေးဆုံးရိုက်ချက်ဆု၊ ပါအများဆုံးဆု၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ဇော်က ဘာဒီအများဆုံးဆု၊ အကြိုးစားဆုံးဆု၊ ပြည်နယ်သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်းက သက်ကြီးတန်း တတိယနှင့် ဒုတိယဆု၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကိုက သက်ကြီးတန်း ပထမဆု၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က Handicap 19 to 24 အငယ်တန်းဆု တတိယနှင့် ဒုတိယ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး မျိုးမင်းနောင်က Handicap 19 to 24 အငယ်တန်းဆု ပထမရရှိသည့် အားကစားသမားများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က Handicap 0 to 18 အကြီးတန်းဆု စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမ ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။




ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများသည် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက မွန်ပြည်သစ်ပါတီ မော်လမြိုင်ခရိုင် ဥက္ကဋ္ဌ ဦးနိုင်ကြည်စန်းနှင့် အဖွဲ့အား ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလိုင်းများ သွယ်တန်းရရှိနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေး အပ်ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကန့်ဘလူမြို့၌ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပ

**ကန့်ဘလူ ဖေဖော်ဝါရီ ၆**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက စတင်၍ အထက (၁) ကျောင်းတွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် အလယ်တန်းဆင့် မီတာ ၁၀၀ အမျိုးသား၊ အမျိုးသမီး အပြေးပြိုင်ပွဲ၊ မူလတန်းဆင့် မီတာ ၅၀ အမျိုးသား၊ အမျိုးသမီး အပြေးပြိုင်ပွဲ၊ မူလတန်းဆင့် ပီနံအိတ်စွပ် (ကျား /မ)အပြေးပြိုင်ပွဲ၊ မူလတန်းဆင့် ဆန်ကောရွက် အပြေးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း လက်ထောက်မြို့နယ် ပညာရေးမှူး ဦးမိုးကျော်အောင်က ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

*စာမျက်နှာ ၉ မှ*

**ကလေးတို့သည် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်၊ လွတ်လပ်စွာ ဝေဖန်ခွင့်နှင့် အစုလိုက် ဆုံးဖြတ်ခွင့်ရသောလုပ်ငန်းတို့တွင် ပါဝင်လိုသော ဆန္ဒရှိကြသည်။ တစ်တန်းလုံး ပါဝင်လုပ်ဆောင်ရသော သန့်ရှင်းရေး၊ စာသင်ခန်း ပစ္စည်းများထိန်းသိမ်းရေး၊ စာသင်ခန်း တံခါးဖွင့်ပိတ်ခြင်း စသည်တို့ ဖြစ်သည်”** ဆိုပြီး ကလေးအရွယ်နှင့်လိုက်မည့် ဒီမိုကရေစီ လူမှုဘဝကို ကျောင်းကို စတင်ဝင်ရောက်သည့်အတန်းဖြစ်သည့် သူငယ်တန်း (ယနေ့ Grade–I) မှ စတင်၍ လေ့ကျင့်သွားရန်လိုကြောင်းကို ညွှန်ပြခဲ့ပါသည်။

နောင်အတန်းကြီးလာလျှင် သည့်ထက်မြင့်မားသော ဒီမိုကရေစီ အလေ့အကျင့်များဖြစ်သည့် အသင်းအဖွဲ့များ (ပန်းချီအနုပညာအသင်း၊ ကြက်ခြေနီအသင်း၊ စိုက်ပျိုးရေးအသင်း၊ ဂီတအနုပညာအသင်း၊ အားကစားအသင်း၊ သိပ္ပံအသင်း၊ အိမ်တွင်းမှု သိပ္ပံအသင်း စသည်ဖြင့်)တွင် ပါဝင်လှုပ်ရှားခြင်း၊ ကျောင်းကောင်စီတွင် ကိုယ်စားလှယ်အဖြစ် အရွေးခံခြင်းနှင့် ကိုယ်စားလှယ်များကို မဲပေးခြင်းတို့ကို လုပ်ဆောင်ကြရမည်ဟု ပြဋ္ဌာန်းစာအုပ်တွင် ရေးသားထားပါသည်။

### ဒီမိုကရေစီကျောင်း၏ လေ့ကျင့်ပေးမှု

ဆရာကြီးက “အချုပ်အားဖြင့် ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားစေရန် လေ့ကျင့်သင်ကြားပေးနေသည့် ဒီမိုကရေစီကျောင်းသည် –

(၁) ဒီမိုကရေစီ၏ မွန်မြတ်ချက်များနှင့် တန်ဖိုးကို နားလည်စေရန်၊

(၂) လူမှုဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရန်နှင့် ဂုဏ်ကို ပိုမိုထင်ရှားစေရန်၊

(၃) ပြည်ထောင်စုနှင့် ပြည်ထောင်စုသူ ပြည်ထောင်စုသားတို့၏ အကြောင်းကို နားလည်စေရန်၊

(၄) လူ၏ အင်အားနှင့် သဘာဝအင်အားစုကို ထိန်းသိမ်းပေးရန်၊

(၅) လွတ်လပ်သောကမ္ဘာတွင် ပိုမိုကောင်းမွန်သော ပြည်သူပြည်သားများ ဖြစ်လာရန်၊

(၆) ဒီမိုကရေစီ၏ ရင်ဆိုင်ရမည့် ပြဿနာများကို ပိုမိုနားလည်ရန် ၊

(၇) ဒီမိုကရေစီသည် ပြုပြင်ဖန်တီးပေးသော လုပ်ငန်းစဉ်ဖြစ်ကြောင်း သိနားလည်ရန်၊

(၈) အမျိုးသားတိုးပွားရေး (နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟု ဆိုလိုတာ ထင်ပါသည်)

တွင် လူတိုင်းပါဝင်ဆောင်ရွက်ရမည်ကို ကလေးများအားလုံး သဘောပေါက်စေရန် လေ့ကျင့်ပေးနေခြင်း” ဟု ကျောင်းများတွင် ဒီမိုကရေစီလေ့ကျင့်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ဖော်ပြထားပါသည်။

သူတို့ ပါလီမန် ဒီမိုကရေစီခေတ်အတွက် နိုင်ငံသားများတွင် ရှိကိုရှိရမည့် ဒီမိုကရေစီ အလေ့အကျင့်ကို မြန်မာ့ပညာရေးက တာဝန်ကျေစွာ ကျောင်းများတွင် လေ့ကျင့်ပေးခဲ့ကြောင်း ဆရာကြီး ဦးခင်သန်း၏ ပြဋ္ဌာန်းစာအုပ်က သက်သေပြနေပါသည်။



ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ဖြစ်သည့် တရားရေးမဏ္ဍိုင်၏ အဆောက်အအုံများကို ဆူပူအကြမ်းဖက်သူများ ဖျက်ဆီးမှုကြောင့် မြောက်ဥက္ကလာပမြို့နယ် တရားရုံး မီးလောင်မှုကို မီးသတ်ဝန်ထမ်းများ မီးငြိမ်းသတ်နေစဉ်။

သို့ဖြစ်၍ ကျွန်တော်တို့သည် ဒီမိုကရေစီယဉ်ကျေးမှုကို ယနေ့ မြန်မာ့ကလေးများယဉ်ပါးနေအောင် ဖြည့်ဆည်းပေးရန် လိုပါပြီ။ မဖြစ်မနေ လေ့ကျင့်ပေးပါမှ ပညာရေးသည် တာဝန်ကျေသည့်ဘဝ ရောက်မှာပါ။ ထို့ကြောင့် ယနေ့အချိန်သည် ကလေးများကို ဒီမိုကရေစီအလေ့အထ ခိုင်မြဲအောင်နှင့် နောင်အခါ မြန်မာ့သမိုင်းတွင် **“ဒီမိုကရေစီကျင့်စဉ်အစ စာသင်ကျောင်းက”** ဟူသော ကမ္ပည်းမော်ကွန်းထိုးနိုင်ရန်အတွက် အချိန်အခါကောင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့် ပညာရေးက **“အနာဂတ်ဒီမိုကရေစီ မြန်မာ့ လူ့အဖွဲ့အစည်း၏ ခိုင်မာသည့်အုတ်မြစ်”** ကို ချပေးရမည့်အချိန်ဟု မြင်မိပါသည်။ အဲဒီအခါကျရင် ကျောင်းများတွင် ရေးထားသော လက်ရှိ ဆောင်ပုဒ်ဖြစ်သည့် **“အမျိုးသား စည်းကမ်းအစ၊ စာသင်ကျောင်းက”** ဆိုခြင်းသည်လည်း ဒီမိုကရေစီ၏ အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် အကောင်အထည်ဖော်ပြီးသား ဖြစ်ပါသည်။

**ကျောင်းများတွင် ကျောင်းကောင်စီလောက်သာ ဖွဲ့စည်းပြီး အသင်းခေါင်းဆောင်ရွေးချယ်တတ်ရုံဖြင့်တော့ ဒီမိုကရေစီအရည်အသွေး မျိုးဆက်သစ်များဆီမှာ မပြည့်စုံနိုင်သေးပါ။ ဆရာကြီး ဦးခင်သန်း၏ ပြဋ္ဌာန်းစာအုပ်ကဲ့သို့ ယနေ့ခေတ်နှင့် လျော်ညီသည့် (ပုံတူကူးချရန် မဟုတ်ပါ) ဒီမိုကရေစီကျင့်စဉ်နှင့်ဆိုင်သော စာတွေ့နှင့်လက်တွေ့ ပိုမိုများသော သင်ခန်းစာများကိုပါ ပြဋ္ဌာန်းပြီး ထပ်ဆောင်းလေ့ကျင့်သင်ကြားပေးနိုင်မှသာ ထိုကျောင်းကို “ဒီမိုကရေစီကျောင်း” ဟု ခေါ်ဆိုနိုင်သကဲ့သို့ ဒီမိုကရေစီယဉ်ကျေးမှုမှာ ပျော်မွေ့သည့် နိုင်ငံသားများ ပေါ်ထွန်းလာကြပါလိမ့်မည်။**

ဒီမိုကရေစီခလေ့ ထုံမွမ်းနေသည့် “ဒီမိုကရေစီကျောင်းထွက်” များကသာ အောင်မြင်သည့် မြန်မာ့ဒီမိုကရေစီ လူ့အဖွဲ့အစည်းကို မြတ်နိုးစွာ တည်ဆောက်နိုင်ကြမှာပါ။ အဆိုပါ ဘဝမျိုးရောက်ဖို့ကတော့ ယနေ့ ပညာရေးကဏ္ဍတွင် တာဝန်ရှိသူများသည် ကိုယ့်ပခုံးပေါ်ကျရောက်လာသည့် သမိုင်းပေးတာဝန်ကို မဖြစ်မနေ ကျေပွန်စွာ ထမ်းဆောင်ရပါလိမ့်မည်ဟု မြင်မိပါသည်။

သို့မှသာ ကျောင်းက အစပျိုးခဲ့သည့် **“ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ”**အဖြစ် ပေါ်ထွန်းလာမည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ကိုးကား

(၁) ဦးခင်သန်း (၂၀၁၃) လူမှုရေးရာသင်ပြမှု (တတိယအကြိမ်)

(၂) Bhaskaracharyulu (2011) Education and Society

# စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် တောင်ပြင်ငယ်ကျေးရွာအတွင်းသို့ ရောက်ရှိနေသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ချေမှုန်းတိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တောင်ပြင်ငယ်ကျေးရွာ စာသင်ကျောင်းအတွင်း ရောက်ရှိနေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့များက သွားရောက် ချေမှုန်းတိုက်ခိုက်ခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ဝင်းမနားကျေးရွာရှိ နယ်မြေခံရဲစခန်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် NLD ပါတီ ထောက်ခံသူအစွန်းရောက်အကြမ်းဖက်သမားများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ပါဝင်သော အင်အား ၁၅၀ ခန့်က ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာရရှိမှုများစွာဖြင့် ရေဦးမြို့နယ် တောင်ပြင်ငယ် ကျေးရွာသို့ ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားခဲ့ပြီး အဆိုပါကျေးရွာ စာသင်ကျောင်းအတွင်း ဝင်ရောက်စခန်းချ နေထိုင်၍ ဒေသခံပြည်သူလူထုနှင့် ခရီးသွားများထံမှ အဓမ္မဆက်ကြေးတောင်းခံခြင်းများနှင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ယနေ့ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းရှာဖွေ တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သူများသည် ကျေးရွာ၏ အနောက်ဘက်သို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် မိမိဘက်မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့်PDF အမည်ခံ အကြမ်းဖက်သမားများထံမှ ၎င်းတို့အသုံးပြုခဲ့သည့် Skat အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့်အတူ လက်လုပ်ပစ္စတို ငါးလက်၊ AK ကျည် အတောင့် ၇၀၀၀၊ ၉ မမကျည် အတောင့် ၅၀၊ AK ကျည်အိမ် သုံးခု၊ လက်ပစ်ဗုံးမျိုးစုံ ၁၃ လုံး၊ ဒီတိုနေတာ ၁၂၀၊ ယမ်းမှုန့် ငါးပြည်၊ TNLA တံဆိပ်ပါ ပြောက်ကျားယူနီဖောင်း နှစ်စုံနှင့် လက်မောင်းတံဆိပ်မပါ ပြောက်ကျားယူနီဖောင်း ၁၀စုံတို့ အပါအဝင် အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များ မဟုတ်ဘဲ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ကျေးရွာများအတွင်း လူနေအိမ်များကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ် မဟုတ်သည့် စာသင်ကျောင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် စခန်းချနေထိုင်ခြင်းများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး အဆိုပါ ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ထိရောက်စွာ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် တောင်ပြင်ငယ်ကျေးရွာသို့ ရောက်ရှိနေ သည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားသည့် နေရာပြပုံ






ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် တောင်ပြင်ငယ်ကျေးရွာသို့ ရောက်ရှိနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားစဉ် ၎င်းတို့ထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား မြင်တွေ့ရပုံ

# ပုလဲမြို့ မြို့မရဲစခန်းအား PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်၊ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီး


**နေပြည်တော် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ရှိ ပုလဲမြို့မရဲစခန်းအား PDF အမည်ခံ အကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၅ ရက် ည ၈ နာရီခွဲခန့်တွင် ရဲစခန်း၏အရှေ့ဘက် လယ်ကွင်းများအတွင်းမှနေ၍ လက်လုပ်စိန်ပြောင်း၊ လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ည ၁၀ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများသည် ရဲစခန်း၏ အနောက်ဘက် မြကုန်းကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် အကြမ်းဖက်သမားများသည် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ပုလဲမြို့ တောင်ပိုင်းရပ်ကွက်ရှိ ယင်းမာပင် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးမြလေး(၆၃)နှစ်၏ နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့သဖြင့် ဦးမြလေး နေအိမ်နှင့် ပတ်ဝန်းကျင်နေအိမ်များ မီးကူးစက်လောင်ကျွမ်းလျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ယာဉ် နှစ်စီးဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဦးမြလေး နေအိမ်ပါ အပြစ်မဲ့ပြည်သူနေအိမ် ၁၀ လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ ရဲတပ်ဖွဲ့စခန်းများအား တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ် များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**




ပုလဲမြို့နယ်ရှိ ပုလဲမြို့မရဲစခန်းအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူများ၏ နေအိမ် ၁၀ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြမြေပုံ။


# ပြင်ဦးလွင်မြို့နယ်၌ ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ဦးမျိုးဇော်နေအိမ်၌ ဖေဖော်ဝါရီ ၄ ရက်က ဝိုင်ယာရှော့ခ် ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၄ ရက် ညနေ ၄ နာရီခွဲက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၄) အိမ်အမှတ်(၅၈) နေ ဦးမျိုးဇော် (၄၃)နှစ် (မွေ့ရာ/ စောင်/ ခြင်ထောင်ရောင်းဝယ်ရေး)၏ တစ်ထပ်နေအိမ်၌ ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ ပြင်ဦးလွင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံ တပ်မတော်သားများပါဝင်သည့် ပူးပေါင်းအဖွဲ့များက သွားရောက်ဝိုင်းဝန်း မီးငြှိမ်းသတ်ခဲ့ရာ နာရီဝက်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်ဈေးဆိုင်ခန်းနှင့် ဆိုင်အတွင်းထားရှိသော မွေ့ရာ / စောင်/ ခြင်ထောင်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဦးမျိုးဇော်အား ပြင်ဦးလွင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း နာမဝိသေသန (Adjectives) ကဏ္ဍအကြောင်း ဆက်ပြီးဗဟုသုတဖြစ်ဖွယ် ဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ် နာမဝိသေသန (Adjectives) ကဏ္ဍမှာတော့ own နဲ့ very တို့ကို Emphasizing Adjectives လိုသုံးနိုင်ပုံလေးတွေ၊ what ကို တစ်ခါတစ်ရံမှာ Exclamatory Adjectives လိုမျိုးသုံးနိုင်ပုံလေးတွေကို လွယ်ကူရိုးရှင်းစွာ ဖော်ပြပေးလိုက်ပါတယ်။ (Adjectives) အကြောင်း ပိုပြီးနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk about food and cooking–1" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာ အသုံးများတဲ့ အီဒီယံ အသုံးအနှုန်းတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့အတူ နမူနာဝါကျများနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

Adjectives (နာမဝိသေသန) အကြောင်းပြောရင်း ဒီနေရာမှာ အလျဉ်းသင့်လို့ own နဲ့ very တို့ကို Emphasizing Adjectives လိုသုံးနိုင်ပုံလေးတွေကို ပြောပြသွားပါမယ်။ အောက်ပါနမူနာဝါကျတွေကို လေ့လာကြည့်ရအောင်။

- I saw it with my own eyes.
- He was beaten at his own game.
- Mind your own business.
- He is his own master.
- That is the very thing we want.
- "When all else left my cause.
  My very adversary took my part".

ဒီဝါကျတွေမှာတွေ့ရတဲ့ own နဲ့ very တို့ဟာ Emphasizing Adjectives တွေ ဖြစ်ကြပါတယ်။ ပြောချင်တဲ့ အကြောင်းအရာကို ပိုပြီးလေးနက်အောင်၊ ပိုပြီးအဓိပ္ပာယ်ထင်ရှားအောင် လုပ်ပေးတဲ့အတွက် သူတို့ကို Emphasizing Adjectives လို့ပြောရတာပဲဖြစ်ပါတယ်။

နောက်တစ်ခါ what ကို တစ်ခါတစ်ရံမှာ Exclamatory Adjectives လိုမျိုး သုံးနိုင်ပါတယ်။ အောက်ပါနမူနာဝါကျများကို လေ့လာကြည့်ရအောင်။

- What geniuns!
- What folly!
- What an idea!
- What a blessing!
- What a piece of work is man!

ဒီနေရာမှာ What ကို Exclamatory Adjectives လိုမျိုးသုံးထားတာ တွေ့နိုင်ပါတယ်။ Exclamatory Adjectives ဆိုတာကတော့ ရုတ်တရက် အံ့ဩတဲ့အခါမှာသုံးတဲ့ အာမေဋိတ် နာမဝိသေသနပဲ ဖြစ်ပါတယ်။




အပေါ်မှာဖော်ပြခဲ့တဲ့ နာမဝိသေသနတွေအပြင် Noun ၊ Verb + ing ၊ Verb + ed/en တို့ကိုလည်း နာမဝိသေသနလိုမျိုး သုံးနိုင်သည်။ ဥပမာ–

- door bell
- leather shoes
- rain coat
- fruit cake
- milk pudding
- setting sun
- boiling water
- boiled water
- boiled egg
- roasted chicken
- fallen tree
- broken glass စသည်တို့ ဖြစ်ကြသည်။

Ajectives တွေအကြောင်း အတော်လေး ပြည့်ပြည့်စုံစုံဖော်ပြပြီးပြီဆိုတော့ အခု ပိုပြီးနားလည်သဘောပေါက်ဖို့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြရအောင်ပါ။

*Exercise (1)* Pick out all the Adjectives in the following sentences, and say to which class each of them belongs.

1. The ship sustained heavy damage.
2. I have called several times.
3. Every dog has his day.
4. A live ass is better than a dead lion.
5. Every man has his duties.
6. Several persons were present at the time.
7. He is a man of few words.
8. I spent all my savings last month.
9. Which pen do you like? You can take either one.
10. A small leak may sink a great ship.

*Exercise (2)* Supply suitable Adjectives.

1. Every cloud has a ……………. lining.
2. He was a man of ……………. ambition.
3. The ……………. Bird catches the worm.
4. India expects ……………. man to do his duty.
5. ……………. time is it? ……………. ruler is this?
6. Min Thu is a ……………. boy.
7. The teacher tells us an ……………. story.
8. He wears a ……………. shirt and a ……………. longyi.
9. There is not ……………. water in the well.
10. ……………. errors are not easily corrected.

## VOCABULARY (IDIOMS)

1. a close shave (သီသီကလေးလွတ်ခြင်း)
   We didn't actually hit the other car, but it was **a close shave.**
2. to give a person the cold shoulder (တမင်အဖတ်မလုပ်ဘဲနေသည်)
   The new manager **gave him the cold shoulder.**
3. to save one's skin (အန္တရာယ်ဖြစ်မည့်ဘေးမှ ကယ်တင်သည်)
   The company is in dire need of new investors to **save their skin.**
4. to laugh up your sleeve (ကျိတ်ရယ်သည်)
   She knew the truth all along and **was laughing up her sleeve** at us.
5. a snake in the grass ( မိတ်ဆွေအတုအယောင်)
   He's just **a snake in the grass** and a guy you can't trust.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about food and cooking–1

ဒီတစ်ပတ်မှာတော့ အစားအစာတွေ ချက်ပြုတ်ခြင်းနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about food and cooking–1" ဆိုပြီး ဖော်ပြလိုက်ပါတယ်။




What kind of (food) do you like?
There are a few famous dishes …
I've never really had …
I'd be interested to try some.

၁။ ဘယ်အစားအစာမျိုး ကြိုက်လဲလို့ မေးချင်ရင် What kind of food do you like? နဲ့ မေးလေ့ရှိပါတယ်။ အစားအစာအမျိုးအစား ဆိုရင်တော့ kind of food နဲ့ သုံးပါတယ်။ နေ့စဉ်စကားပြောပုံစံမှာ ဒီလိုမျိုးမေးတာကို တွေ့ရများလို့ ပုံစံပြောင်းပြောင်းပြီး လေ့ကျင့်ပေးဖို့ပါပဲ။

- What kind of food do you like?
- What kind of music do you like?
- What kind of books do you like?

၂။ ရေတွက်လို့ရတဲ့နာမ်အနည်း … ရှိတယ်ဆိုရင်တော့ There are a few နဲ့ ပြောပါတယ်။ ဒီမှာတော့ There are a few famous dishes နဲ့ ဖော်ပြထားပါတယ်။ နောက်ထပ် ပုံစံတူအနေနဲ့

- There are a few oranges.
- There are a few apples.
- There are a few books. ဆိုပြီး There are a few ရဲ့နောက်မှာ ရေတွက်လို့ရတဲ့ နာမ်တွေ ထည့်ပြီးသုံးနိုင်ပါတယ်။

၃။ ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးဘူး။ ဘယ်တုန်းကမှ မကြုံဖူးဘူးဆိုရင်တော့ Present Perfect ပုံစံနဲ့ ပြောရပါတယ်။ ပိုပြီးလေးနက်စေချင်တဲ့အခါမှာ really ကို ထည့်ပြီးသုံးနိုင်ပါတယ်။ ဥပမာ–

- I've never really had much Spanish food.
- I've never really seen such kind of beautiful sight.

၄။ တစ်ခုခုကို စမ်းကြည့်ဖို့ စိတ်ဝင်စားတယ်ဆိုတဲ့ သဘောမျိုးပြောချင်ရင်တော့ ဒီလိုမျိုး ပြောနိုင်ပါတယ်။

- I'd be interested to try some.

**Conversation**

What kind of food do you like?

Maria: What kind of food do you like?

Oliver: I like a bit of everything, really. I grew up in the UK, and you can get food from all over the world there. My mum's cooking is a combination of different cuisines: a bit of French, a bit of Italian, a bit of India, and so on.

Maria: What's British cuisine like? I know about fish and chips, but there must be more …

Oliver: There is, but not that much. There are a few famous dishes like shepherd's pie or Sunday roast, but most people eat a mix of things. What about you? What food do you like?

Maria: I'm half Spanish, so when I was young we ate a lot of Mediterranean food at home. Now I live in Berlin, and it's a pretty cosmopolitan people, so you can get all kinds of food, like the UK, I suppose.

Oliver: I've never really had much Spanish food. Is it similar to Italian?

Maria: In some ways, yes. They both use a lot of fresh ingredients, and there's a lot of seafood, salads, and so on. Pasta isn't so common in Spanish cooking, though.

Oliver: What are some typical Spanish dishes? I'd be interested to try some.

Maria: I guess paella is quite well–known. My personal favourite is a dish called albondigas, which is meatballs in a tomato sauce. It's simple, but so tasty.

Oliver: Sounds good!

**Grammar Focus Point Here**

a lot of/lots of (အမြောက်အမြား။ အများအပြား) + countable nouns or uncountable nouns

- a lot of fresh ingredients
- a lot of seafood
- a lot of salads
- a lot of Mediterranean food

much (အများကြီး) + uncountable nouns

- much Spanish food

a few (အနည်းငယ်) + countable nouns

- a few famous dishes

**Language Focus Point Here**

cuisine = နိုင်ငံ သို့မဟုတ် ဒေသတစ်ခုရဲ့ အစားအစာ/ ချက်နည်းပြုတ်နည်း

- French cuisine = ပြင်သစ်အစားအစာ
- Italian cuisine = အီတလီအစားအစာ
- Chinese cuisine = တရုတ်အစားအစာ

dish = ပြင်ဆင်ချက်ပြုတ်ထားသည့် ဟင်းလျာ၊ ဟင်းပွဲ

meal = နေ့လယ်စာ၊ ညစာ စသည့် အချိန်အခါအလိုက်စားရသော အစားအစာ

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# လစ်ဗျားနိုင်ငံတွင် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၌ ကိုဗစ် - ၁၉ အကာအကွယ်များ ကျင့်သုံးသွားရန် တောင်းဆို

**ထရီပိုလီ ဖေဖော်ဝါရီ ၆**

လစ်ဗျားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှု များပြားလာစဉ် အများပြည်သူနှင့် သက်ဆိုင်သည့်ဧရိယာများ၌ ကိုဗစ်-၁၉ အကာအကွယ်များကို ကျင့်သုံးသွားရန် အာဏာပိုင်များအား လစ်ဗျားကူးစက်ရောဂါထိန်းချုပ်ရေး အမျိုးသားစင်တာက ဖေဖော်ဝါရီ ၅ ရက်တွင် တောင်းဆိုခဲ့သည်။

**တိုးမြှင့်ဆောင်ရွက်**

ကိုဗစ် -၁၉ ကာကွယ်ရေးအတွက် နိုင်ငံတစ်ဝန်း သတိပေးမှုများလုပ်ဆောင်သည့် လှုပ်ရှားမှုကို ပြုလုပ်ရန် အဆိုပါစင်တာမှ ထောက်ခံချက်ပေးခဲ့သည်။ အထူးသဖြင့် လစ်ဗျားနိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် ထိုသို့ပြုလုပ်ရန် တောင်းဆိုခဲ့သည်။လူများစွာကိုကာကွယ်ဆေးထိုးနိုင်ရေးအတွက် ရွေ့လျားကာကွယ်ဆေးထိုးပေးသည့် စင်တာများနှင့် သီးခြားခွဲထားသည့်စင်တာများကို တိုးမြှင့်ဆောင်ရွက်သွားရန်လည်း တိုက်တွန်းထားသည်။

**ရောဂါကူးစက်မှုနှုန်း**

လစ်ဗျားနိုင်ငံတွင် ပြီးခဲ့သည့်လအတွင်း ကိုဗစ်-၁၉ စတုတ္ထလှိုင်းသို့ဝင်ရောက်လာပြီဟု အဆိုပါစင်တာမှ ကြေညာခဲ့သည်။ ရောဂါကူးစက်မှုနှုန်းများမှာလည်း သိသိသာသာ တိုးလာခဲ့သည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၄၅၈၇၆ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူမှာ ၃၉၇၂၉၁ ဦးရှိပြီး သေဆုံးသူဦးရေမှာ ၆၀၅၂ ဦး ရှိသည်။ ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးသူဦးရေမှာ ၂၀၅၇၁၄၁ ဦးရှိပြီး ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူ ၁၀၁၆၄၉၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



လစ်ဗျားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

# တူရကီသမ္မတ အာဒိုဂန် ကိုဗစ် – ၁၉ ကူးစက်ခံရ

**အန်ကာရာ ဖေဖော်ဝါရီ ၆**

တူရကီ သမ္မတ ရီဆက်တိုင်ရက် အာဒိုဂန်က ၎င်းတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း ပြောကြားခဲ့သည်။ သမ္မတအာဒိုဂန်က ၎င်းတို့ ဇနီးမောင်နှံနှစ်ဦးလုံးတွင်ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်းနှင့် အိုမီခရွန်၏ အပျော့စားလက္ခဏာများသာ ခံစားရကြောင်း တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

တူရကီသမ္မတသည် ဖေဖော်ဝါရီ ၃ ရက်တွင် ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီးနှင့် ကီယက်ဗ်မြို့၌ တွေ့ဆုံခဲ့သည်။ ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား တင်းမာမှုများကို ဖြေလျှော့ပေးရန်အတွက် ကြားဝင်ဆောင်ရွက်ပေးရန် ဆန္ဒရှိကြောင်း အာဒိုဂန်က ၎င်း၏ သဘောဆန္ဒကို ဖော်ပြခဲ့ပြီး နေအိမ်၌ပင် အလုပ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း တူရကီ သမ္မတက ပြောသည်။

တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုများ မြင့်မားလာမှုကို ကိုင်တွယ်ဖြေရှင်းရန် ရုန်းကန်နေရသည်။ နေ့စဉ်ကူးစက်မှုများမှာလည်း ဖေဖော်ဝါရီ ၄ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ၁၁၁၀၀၀ အထိ ရှိလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**



တူရကီသမ္မတ ရီဆက်တိုင်ရက် အာဒိုဂန်။

# စင်ကာပူနိုင်ငံတွင် ကိုဗစ် - ၁၉ နောက်ထပ် ကူးစက်ခံရသူ ၁၀၃၉၀ ထပ်မံတွေ့ရှိ

**စင်ကာပူ ဖေဖော်ဝါရီ ၆**

စင်ကာပူနိုင်ငံတွင် ဖေဖော်ဝါရီ ၅ ရက်က နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၃၉၀ ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၃၉၀၀၇၁ ဦး ရှိလာသည်။ ပီစီအာဆေးစစ်မှုအရ ကူးစက်ခံရသူ ၂၇၃၄ ဦးမှာ ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

အင်တီဂျင်ဆေးစစ်မှုဖြင့် ဆေးစစ်ထားသူများအနက် အပျော့စား ရောဂါလက္ခဏာသာပြပြီး အန္တရာယ်နည်းပါးသည်ဟု ယူဆထားသူ ဒေသတွင်းကူးစက်ခံရသူပေါင်း ၇၄၇၄ ဦးရှိသည်။ ၃၁ ဦးမှာမူ ပြည်ပမှ ကူးစက်ခံလာရသူများ ဖြစ်သည်။ လက်ရှိဆေးရုံတွင် ဆေးကုသမှုခံယူနေသူ ၁၀၆၈ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၂၃ ဦး ရှိသည်။ ဖေဖော်ဝါရီ ၅ ရက်တွင် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ နှစ်ဦးရှိခဲ့ကာ သေဆုံးသူစုစုပေါင်းမှာ ၈၆၈ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

# ပေါ်တူဂီနိုင်ငံသို့ လာရောက်လည်ပတ်သူများ ကိုဗစ် - ၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ပြသစရာမလိုတော့

**လစ္စဘွန်း ဖေဖော်ဝါရီ ၆**

ဖေဖော်ဝါရီ ၇ ရက်မှစတင်ကာ ပေါ်တူဂီနိုင်ငံအတွင်းသို့ ဝင်ရောက်မည်ဆိုပါက ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ပြသရန် မလိုအပ်တော့ဟု ပေါ်တူဂီဝန်ကြီးများကောင်စီက ဖေဖော်ဝါရီ ၅ ရက်တွင် ဆုံးဖြတ်ခဲ့သည်။ ဖေဖော်ဝါရီ ၇ရက်မှစတင်ကာ ဥရောပသမဂ္ဂနိုင်ငံများမှလာပါက ကာကွယ်ဆေးထိုးပြီးကြောင်း ဒစ်ဂျစ်တယ်လက်မှတ်ပြသရန် လိုအပ်သည်ဟု သိရသည်။

**အင်တီဂျင်ဆေးစစ်မှု**

ပေါ်တူဂီနယ်မြေများအတွင်း အဆောက်အအုံအတွင်းကျင်းပသည့်ပွဲများကို တက်ရောက်သည့်အခါ အင်တီဂျင်ဆေးစစ်မှုအတွက် သက်တမ်းကိုလည်း အစိုးရက လျှော့ချပေးခဲ့သည်။ ပေါ်တူဂီနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၁၅၁၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီး သေဆုံးသူ ၄၄ ဦး ရှိခဲ့သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်-၁၉ ကူးစက်ခံရသူ ဦးရေမှာ ၂၈၈၄၅၄၀ အထိ ရှိလာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အဲလစ်ဇဘတ်ဘုရင်မကြီး ထီးနန်းစံသက် နှစ် (၇၀) ပြည့်ပြီ

**လန်ဒန် ဖေဖော်ဝါရီ ၆**

ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘတ်သည် ဖေဖော်ဝါရီ ၆ ရက်က ထီးနန်း နန်းစံခြင်း နှစ် (၇၀) ပြည့်ပြီဖြစ်သည်။ ဘုရင်မကြီးသည် ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် သူမ၏အသက် ၂၅ နှစ်တွင် ထီးနန်းဆက်ခံခဲ့သည်။ ဘုရင်မကြီးသည် နိုင်ငံ၏ နန်းသက်အကြာဆုံး ဘုရင်မကြီးလည်း ဖြစ်သည်။

သူမမှာ ယူကေနိုင်ငံ၏ စည်းလုံးခြင်းသင်္ကေတဖြစ်ပြီး ဗြိတိသျှဓနသဟာယနိုင်ငံများနှင့် အခြားသောနိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ၎င်းသည် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ဂျပန်တော်ဝင်မိသားစုနှင့်လည်း ဆက်ဆံရေးခိုင်မာစေခဲ့သည်။ မကြာသေးမီနှစ်များအတွင်း တော်ဝင်မိသားစုပုံရိပ်ကို မြှင့်တင်ရန်အတွက် လူမှုကွန်ရက်မီဒီယာကို အသုံးပြုခဲ့သည်။

ကိုဗစ်-၁၉ ကာလ ကျန်းမာရေးအတွက် ပြည်သူများကြားတွင် စိုးရိမ်မှုများ မြင့်မားနေစဉ်အတွင်း ဘုရင်မကြီးသည် ကျန်းမာရေးလုပ်သားများနှင့် စေတနာ့ဝန်ထမ်းများကို အွန်လိုင်းပေါ်မှတစ်ဆင့် စကားပြောကြားခဲ့သည်။ ရုပ်မြင်သံကြားမိန့်ခွန်းမှတစ်ဆင့်လည်း ပြည်သူများ စည်းလုံးညီညွတ်ကြရန် တောင်းဆိုခဲ့သည်။ ပြီးခဲ့သည့်နှစ်အတွင်း ပြည်သူများထံမှ သဘောထားကို ကောက်ယူခဲ့ရာ ဘုရင်စနစ်ကို ထိန်းသိမ်းထားသင့်သည်ဟု ဖြေကြားသူ အသက် ၆၅ နှစ်အထက်မှာ ၈၁ ရာခိုင်နှုန်း ရှိသည်။ အသက် ၁၈ နှစ်နှင့် ၂၄ နှစ်ကြား ၃၁ ရာခိုင်နှုန်းမှာလည်း အလားတူ ဖြေကြားခဲ့ကြသည်။ ဘာကင်ဟမ်တက္ကသိုလ်မှ သမိုင်းပါမောက္ခ ဂျိန်းရိုင်ဒလေက အဲလစ်ဇဘတ်ဘုရင်မကြီးမှာ ဗြိတိန်နိုင်ငံသားများအတွက် အရေးကြီးသည့် ပြယုဂ်ဖြစ်သည်ဟု ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘတ်။





# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကံဦးကျောင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ရွှေဘိုပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည် ကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမပါဠိတက္ကသိုလ် ကျောင်းတိုက်**(အပေါ်ဝဲပုံ)**သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ရွာမကျောင်းတိုက်နှင့် ဘူးသီးတောင်မြို့နယ်ရှိ နန္ဒဝန်တပ်ဦးကျောင်းတိုက်များသို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သီရိမင်္ဂလာရပ်တော်မူကျောင်းတိုက်**(အပေါ်ပုံ)**သို့လည်းကောင်း၊ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ နေ့ဆွမ်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ မဟာမြတ်မုနိကျောင်းတိုက်၊ မြို့ဦးကျောင်းတိုက်၊ မြို့မကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေး သဗ္ဗညုကျောင်းနှင့် ခတ်စွမ်းဟုန်ဘုန်းကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက်ရှိ သာသနာ့တံခွန်ကျောင်းတိုက်၊ မှော်ဘီမြို့နယ် ကိုးလုံးကွင်းကျေးရွာရှိသာသနရက္ခိတကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကန်လျားကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် အလ္လကပ္ပကျောင်းတိုက် စံပြကျောင်းနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝဒေးရပ်ကွက် မဟာသီရိခေတ္တရာ မရှိခဏဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်တွင် ဇေယျာသီရိမြို့နယ် သာသနာ့ရောင်ခြည်ကျောင်းတိုက်ရှိ သံဃာတော်များကို ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားစားသောက်ဖွယ်ရာများ လှူဒါန်းသည်။**(အပေါ်ပုံ)**

အလားတူ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွန်းဦးနှင့် မွန်ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးတို့သည် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ကျောင်းတိုက်ဆရာတော်ကြီးထံသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သံဃာတော်များ ဆွမ်း ကွမ်း အခက်အခဲမရှိစေရေးအတွက် စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ ကိုဗစ် - ၁၉ စင်တာများသို့လည်းကောင်း စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းပျဉ်းမြို့တို့၌ ဒေသခံပြည်သူ ၂၈၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၁၂၀၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၁၄၅၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၅၂၀ နှင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နှင့် ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၇၅၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဖေဖော်ဝါရီ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃၂ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၆–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၃၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ **ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃၂) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၂၁,၅၀၁) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၇,၉၀၁) ဦး** ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၂၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၄,၀၇၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် **ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး** ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၅–၂–၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၂,၃၈၉,၂၉၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ (၁၉,၂၁၃,၆၇၈) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၁၇၅,၆၂၁) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၅–၂–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၁,၆၀၂,၉၇၇) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၆–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၈၂) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၂) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၃) ခု | (၁၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၁) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၃၀) ခု | (၈၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၅၀) ခု | (၃၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၈၈၅) ခု | (၁၇၂) ဦး |
| စုစုပေါင်း | (၂၄,၃၃၃) ခု | (၃၃၂) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၅–၂–၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၁၇၅,၆၂၁) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၉,၂၁၃,၆၇၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၂,၃၈၉,၂၉၉) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၁,၆၀၂,၉၇၇) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၆- ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၇၉၆၆၆၉၁ | ၄၇၉၀၀၂၅၂ | ၉၂၅၆၅၅ |
| ၂။ | အိန္ဒိယ | ၄၂၁၈၈၁၃၈ | ၄၀၄၆၁၁၄၈ | ၅၀၂၀၀၆ |
| ၃။ | ဘရာဇီး | ၂၆၄၇၃၂၇၃ | ၂၂၆၆၆၅၆၇ | ၆၃၁၈၆၉ |
| ၄။ | ပြင်သစ် | ၂၀၆၀၂၉၃၂ | ၁၄၀၄၀၀၀၇ | ၁၃၂၃၇၇ |
| ၅။ | ဗြိတိန် | ၁၇၇၄၉၉၉၉ | ၁၅၁၂၂၄၃၆ | ၁၅၈၂၄၃ |
| ၆။ | ရုရှား | ၁၂၈၁၀၁၁၈ | ၁၀၅၆၉၂၇၁ | ၃၃၅၄၁၄ |
| ၇။ | တူရကီ | ၁၂၁၅၀၅၆၇ | ၁၁၃၃၇၃၄၄ | ၈၈၅၃၃ |
| ၈။ | အီတလီ | ၁၁၅၄၂၇၉၃ | ၉၂၆၅၇၀၈ | ၁၄၈၅၄၂ |
| ၉။ | ဂျာမနီ | ၁၀၉၇၀၇၂၉ | ၈၀၅၈၁၀၀ | ၁၁၉၃၄၃ |
| ၁၀။ | စပိန် | ၁၀၂၇၄၆၅၃ | ၆၅၇၃၄၇၁ | ၉၄၂၃၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၆– ၂ – ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၅၁၆၄၈၀ | ၄၁၈၃၀၂၇ | ၁၄၄၅၅၄ |
| ဖိလစ်ပိုင် | ၃၆၀၉၅၆၈ | ၃၄၂၈၈၁၅ | ၅၄၅၂၆ |
| မလေးရှား | ၂၉၀၄၁၃၁ | ၂၈၀၆၁၅၄ | ၃၂၀၂၅ |
| ထိုင်း | ၂၄၉၇၀၀၁ | ၂၃၈၃၆၇၃ | ၂၂၂၉၄ |
| ဗီယက်နမ် | ၂၃၄၁၉၇၁ | ၂၁၁၂၇၁၅ | ၃၈၃၂၄ |
| မြန်မာ | ၅၃၇၉၀၁ | ၅၁၄၀၇၆ | ၁၉၃၁၀ |
| စင်ကာပူ | ၃၉၀၀၇၁ | ၃၅၅၆၁၁ | ၈၆၈ |
| လာအို | ၁၃၆၄၃၈ | ၁၃၁၃၉၁ | ၅၆၉ |
| ကမ္ဘောဒီးယား | ၁၂၁၇၇၃ | ၁၁၈၁၂၂ | ၃၀၁၅ |
| ဘရူနိုင်း | ၁၇၄၀၄ | ၁၆၁၀၆ | ၉၈ |

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များမှ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပေးထားချက်များအပေါ် ခံယူယုံကြည်မှု

မိုးကေနိုင်

ငြိမ်းချမ်းမှုမရှိလျှင် တိုင်းပြည်မတိုးတက်၊ တိုင်းပြည်မတိုးတက်လျှင် ငြိမ်းချမ်းရေးမရနိုင်၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတိုးတက်မှု၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှု အပြန်အလှန် ဆက်စပ်နေသည်။ ထာဝရငြိမ်းချမ်းရေးနှင့်အတူ စစ်မှန်သောပြည်ထောင်စုကို တည်ဆောက်နိုင်ရေးသည် ပဓာနကျသည်ဟု ရှုမြင်သည့်အတွက်လည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ထာဝရငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အလေးထားလုပ်ဆောင်မည့် လမ်းစဉ်တစ်ခုကို မဖြစ်မနေ ထည့်သွင်းထားသည်ကို မှတ်သားမိပါသည်။ ဦးတည်ချက်(၉)ရပ်အနက် နိုင်ငံရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက်များတွင် ပြည်ထောင်စုငြိမ်းချမ်းရေးသည် အဓိကအချက်များအဖြစ် ပါဝင်နေသည်ကို လေ့လာနိုင်ပါသည်။

**NCA လမ်းကြောင်းသည် ငြိမ်းချမ်းရေးအတွက် အာမခံချက်တစ်ခုဖြစ်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါသဘောတူညီချက်များက တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးအတွက် အသက်ဖြစ်သည်။ ထိုအချက်ကို နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်တွင် အတိအလင်းဖော်ကျူးထားခြင်းသည် ထာဝရငြိမ်းချမ်းရေးအတွက် NCA ကို ပေးထားချက်တစ်ခုဖြစ်ကြောင်း အလေးအနက် မှတ်ယူသင့်ပါသည်။ မပြီးဆုံးနိုင်သော ပဋိပက္ခများကို ဖြေရှင်းရာတွင် NCA သည် ထိရောက်သည့် ယန္တရားတစ်ခုဖြစ်သည့်အပြင် နောက်ပြန်လှည့်၍မရသော အခြေခံဘုံသဘောတူညီချက်တစ်ခုလည်းဖြစ်ပါသည်။

ထို့ပြင် ၁၃၅ မျိုးသော မူလဘူတ တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော စစ်မှန်သောပြည်ထောင်စုကြီးအတွက် အခြေခံရမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ငြိမ်းချမ်းရေးအာမခံချက်တစ်ခုအဖြစ် ပေးထားသည်ကို တွေ့ရပြန်ပါသည်။ NCA ပါအတိုင်း ငြိမ်းချမ်းရေးကို အလေးထား လုပ်ဆောင်မည်ဆိုသည်ကိုလည်း နိုင်ငံရေးဦးတည်ချက်များတွင် တွေ့ရသည်။ ဆိုလိုသည်မှာ ဒီမိုကရေစီ၊ ဖက်ဒရယ်နှင့် NCA တို့သည် ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုအတွက် အခြေခံရမည့်အချက်များဖြစ်သည် ဆိုသည့်သဘော ဖြစ်ပါသည်။ သင်ခန်းစာယူသင့်သည်ကို ယူ၍ အနာဂတ်တွင် ဆက်လက်ကျင့်သုံးမည့် ဒီမိုကရေစီကျင့်စဉ်ကို ပြောင်းလဲကျင့်သုံးတော့မည့် တရားမျှတမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများမှတစ်ဆင့် ပုံဖော်ကြည့်မြင်နိုင်ပါသည်။ စစ်မှန်သည်၊ စည်းကမ်းပြည့်ဝမည်ဟု အတိအလင်းဆိုထားပြန်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် တရားမျှတမှုအပြည့်ဖြင့် ကျင့်သုံးဖော်ဆောင်နိုင်မည့်စနစ်တစ်ရပ်အဖြစ် မြင်မိပါသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်၊ အတူမျှဝေခံစား**

ထို့အတူ ဖက်ဒရယ်ဟူသောအဓိပ္ပာယ်သည် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ရရှိလာသည့် အသီးအပွင့်များကို မျှဝေခံစားကြရသည့်မှုဖြစ်သည်။ ဖက်ဒရယ်တွင် တိုင်းရင်းသားလူမျိုးများအကြား ခွဲခြားဆက်ဆံမှုမရှိစေဘဲ တန်းတူညီမျှမှုနှင့် လူနည်းစုအခွင့်အရေးကို လူများစုနည်းတူ အပြည့်အဝ အကာအကွယ်ပေးထားနိုင်မှုအပေါ် အခြေခံထားသည်။ အပြန်အလှန်လေးစားအသိအမှတ်ပြုမှု၊ ပြည်သူလူထုအတွက် အနီးစပ်ဆုံးနှင့် ထိရောက်သော လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားမှုဟူသော အခြေခံစံတန်ဖိုးများ ပါဝင်နေသည့်အတွက် ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာ ယန္တရားတစ်ခုကို ကောင်းစွာတည်တံ့အောင် လည်ပတ်နိုင်မည့် အကျိုးကျေးဇူးများ များစွာဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်မိပါသည်။




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ၁၅-၁၀-၂၀၂၁ ရက်က နေပြည်တော်၌ ကျင်းပရာ အခမ်းအနားတက်ရောက်သူများအား တွေ့ရစဉ်။

❖ **တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါသဘောတူညီချက်များက တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးအတွက် အသက်ဖြစ်သည်။ ထိုအချက်ကို နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်တွင် အတိအလင်း ဖော်ကျူးထားခြင်းသည် ထာဝရငြိမ်းချမ်းရေးအတွက် NCA ကို ပေးထားချက်တစ်ခုဖြစ်ကြောင်း အလေးအနက် မှတ်ယူသင့်ပါသည်။ မပြီးဆုံးနိုင်သော ပဋိပက္ခများကို ဖြေရှင်းရာတွင် NCA သည် ထိရောက်သည့် ယန္တရားတစ်ခုဖြစ်သည့်အပြင် နောက်ပြန်လှည့်၍မရသော အခြေခံဘုံသဘောတူညီချက်တစ်ခုလည်း ဖြစ်ပါသည်**

အကြောင်းမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ တန်းတူညီမျှမှု၊ တရားမျှတမှု၊ နိုင်ငံ၏ ပကတိအခြေအနေများနှင့် စပ်ဟပ်၍ လက်တွေ့ကျသော ဖက်ဒရယ်စံနှုန်းများ ပါဝင်နေသည့်အတွက် အလေးအနက်ယုံကြည်မိခြင်း ဖြစ်ပါသည်။

ဖက်ဒရယ်အတွက် အာမခံချက်ကို နိုင်ငံအတွက် စိတ်ချရမည့်၊ တိုင်းရင်းသားအားလုံး နားလည်လက်ခံနိုင်မည့် အခြေခံအချက်တစ်ခုအဖြစ် မြင်ကြည့်၍ ထာဝရတည်တံ့မည့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ခိုင်မာသည့်ပေးထားချက်တစ်ခုအဖြစ် ယုံကြည်ကြစေလိုပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်အတွက် ဖောက်လုပ်ပေးထားသော လမ်းပြမြေပုံအတိုင်း လျှောက်လှမ်းပါက ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုဆီ အမှန်ရောက်ရှိနိုင်မည်ဟု ခံယူထားစေချင်ပါသည်။

**ဆက်စပ်နေသောမျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်**

ငြိမ်းချမ်းရေးကိုအလေးအနက်ထားပုံကို လူမှုရေးဦးတည်ချက်များတွင်လည်း လေ့လာနိုင်ပါသည်။ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် ကိန်းအောင်းနေရမည့် အရေးကြီးဆုံးသော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် ဦးတည်ထားပုံကို တွေ့ရသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို စစ်မှန်သော မျိုးချစ်စိတ်နှင့်လည်း ချိတ်ဆက်ထားသည်။

အကြောင်းမှာ လူမျိုးအသီးသီး၏ မျိုးချစ်စိတ်ဓာတ်များကို အရင်းခံ၍သာ မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်နှင့် စုစည်းညီညွတ်မှုကို ပေးစွမ်းနိုင်သောကြောင့်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် အေးအတူပူအမျှ၊ တစ်ဦးအရေးကြုံက အများက ရိုင်းပင်းကူညီ၍ ကျောသားရင်သားမခွဲခြား၊ ရေကိုသား အကြားမထင်သည့်စိတ်ဓာတ်မျိုးဖြစ်သည်။ ထိုထို စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို မျိုးချစ် စိတ်ဓာတ်ကသာ တည်ဆောက်ပေးနိုင်သည်။ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာသာသနာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဓလေ့ထုံးစံ၊ ကိုယ့်ပိုင်နက်ကို အသက်တမျှ တန်ဖိုးထားချစ်မြတ်နိုးသည့်စိတ်၊ အသက်ပေးကာကွယ်စောင့်ရှောက်လိုသည့် စိတ်သည်ပင် မျိုးချစ်စိတ်ဖြစ်သည်။

မျိုးချစ်စိတ်ကို ပြည်ထောင်စုစိတ်ဓာတ်နှင့်လည်း တစ်ထပ်တည်းစဉ်းစား ထပ်တူခံယူထားစေချင်ပါသည်။ မျိုးချစ်စိတ်သည် ပြည်ထောင်စု၏ ဝိညာဉ်ပင်ဖြစ်၍ မျိုးချစ်စိတ်ကင်းမဲ့က ပြည်ထောင်စုယိုင်လဲမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် အားနည်းလျှင် ကမ္ဘာ့အလယ်တွင် နိုင်ငံမှာချည့်နဲ့ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်စွာ ရပ်တည်နိုင်မှု ခဲယဉ်းသွားမည်ဖြစ်သည်။ မျိုးချစ်စိတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်ရှိမှသာ ရေပက်မဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုရရှိမည်ဖြစ်ပြီး အချုပ်အခြာနှင့် လွတ်လပ်ရေးကိုလည်း လေးစားတတ်လာမည်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရန် ခိုင်မာရင့်ကျက်သော အတွေးအခေါ်များ ရှိရန်တော့ လိုအပ်နေပါသေးသည်။

**ကိုယ်ပိုင်ဝိသေသလက္ခဏာများသည် အမျိုးသားနိုင်ငံရေးအတွက် ခွန်အား**

ကိုယ့်အမျိုး၊ ကိုယ့်ဘာသာသာသနာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် ကိုးကွယ်ယုံကြည်မှု အစဉ်အလာများကို ချစ်မြတ်နိုးထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ တစ်မျိုးသားလုံး၏ မျိုးချစ်စိတ်ကို ထက်သန်စေရုံမက ပြည်ထောင်စုစိတ်ဓာတ်ကိုပါ ရှင်သန်စေမည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ဤအချက်ကို တိုင်းရင်းသားအသီးသီး၏ မူပိုင်သီးခြားအမှတ်လက္ခဏာများ မပျောက်ပျက် မတိမ်ကောရေးအတွက် ဦးတည်၍ ကာကွယ်စောင့်ရှောက်ရမည့် အရေးကြီးသော လူမှုရေးလမ်းညွှန်တစ်ရပ်အဖြစ် ထည့်သွင်းထားခြင်းဖြစ်သည်။

ကိုယ့်လူမျိုးသမိုင်းနှင့်တကွ ချစ်ခြင်းမေတ္တာ၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းမှုကို ဖော်ညွှန်းသော၊ သစ္စာတရားနှင့် အခက်အခဲကြားက ရှင်သန်နိုင်မှု သတ္တိ၊ ဗျတ္တိနှင့်ရဲရင့်မှုကို ထင်ဟပ်သော ဘာသာစကား၊ စာပေအမွေအနှစ်များကို မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းပေးနိုင်ခြင်းသည်ပင် ထာဝရစည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းမှုစိတ်ဓာတ်ကို အစဉ်ရရှိနေရန် တွန်းအားပေးနေခြင်းဖြစ်သည်ဟု ယူဆပါသည်။ တိုင်းရင်းသားများ၏ ဖြူစင်ဖြောင့်မတ်ရိုးသားတည်ကြည်မှု၊ အမျိုးဘာသာသာသနာကို စောင့်ထိန်းမှုဟူသော ကိုယ်ပိုင်အမျိုးသားရေး ဝိသေသလက္ခဏာများကလည်း တစ်မျိုးသားလုံး၏ ဇာတိသွေးဇာတိမာန်ကို အခြေခံသည့် အမျိုးသားနိုင်ငံရေးအတွက် ခွန်အားတစ်ခုကို ဖြစ်စေပါသည်။ လူမှုရေးဦးတည်ချက်များတွင် ပါဝင်သော ဤအချက်များကို စံနမူနာကောင်း လူမှုရေးလက္ခဏာရပ်များအဖြစ် ပေါ်လွင်ထင်ရှားစွာ တည်ရှိနေသည်ကို တွေးကြည့် မြင်ကြည့်နိုင်ပါသည်။

**သူငါဒေသမခွဲခြားသည့် ညီရင်းအစ်ကိုမောင်နှမ စိတ်ဓာတ်ကသာ သွေးစည်းမှုကိုဖြစ်စေ**

မျိုးချစ်စိတ်အခြေခံနှင့် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်၍ တိုင်းရင်းသားလူမျိုးအားလုံးနှင့် နိုင်ငံသားအားလုံးထံမှ ကျစ်လျစ်ခိုင်မာညီညွတ်သော စုစည်းမှုအင်အားကို မည်သို့ရယူနိုင်ပါမည်နည်း။ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုမောင်ရင်း နှမစိတ်ဓာတ်၊ မိသားစုစိတ်ထားမွေးနိုင်ရပါမည်။ မိမိလူမျိုးဂုဏ်ကိုထိန်းသိမ်းလျက် သူ့လူမျိုးငါ့လူမျိုး သူ့ဒေသ ငါ့ဒေသမခွဲခြား၊ ငါတို့အားလုံးသည် မြန်မာနိုင်ငံသားဖြစ်ကြသည်ဟူသော အမှတ်လက္ခဏာ စွဲထင်နေရပါမည်။

ထို့အတွက် သံယောဇဉ်ကြိုးတို့ ရစ်ပတ်နှောင်ဖွဲ့ထားနိုင်ဖို့တော့လိုပါသည်။ တစ်ဦးနှင့် တစ်ဦး သံယောဇဉ်ဟူသည် အပြန်အလှန်ထားအပ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများအပေါ်တွင် အခြေခံသည်ဟု ယုံကြည်ပါသည်။ ထိုတရားများကသာ ကောင်းတူဆိုးဖက် တန်းတူညီမျှမှုနှင့် တရားမျှတမှုကိုပေးနိုင်သည်၊ ရန်လိုမုန်းထား အာဃာတများကို လျှော့ချပေးနိုင်သည်။ တစ်ဦးအပေါ်တစ်ဦး ကူညီစောင့်ရှောက်၍ အကျိုးစီးပွားဖြစ်ထွန်းမှုကို ပေးနိုင်သည်ဟူ၍ဖြစ်ပါသည်။ ထိုစိတ်ထား ထိုတရား ဤသို့သော ယုံကြည်ချက်၊ ခံယူချက်များကသာ အခက်အခဲတစ်စုံတစ်ရာနှင့် ထိခိုက်အစော်ကားခံရပါက အရေးကြီးသွေးနီးပြီး သွေးစည်းမှုကို ဖြစ်စေနိုင်ပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

## ပြည်ထောင်စုစိတ်ဓာတ်ကသာ သံသယနှင့်စိုးရိမ်စိတ်များ ပပျောက်စေနိုင်

နိုင်ငံသားတိုင်းတွင် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် မွေးမြူနိုင်ပြီဆိုမှသာ အနုတ်လက္ခဏာဆောင်သော လူမျိုးစွဲ၊ ဒေသစွဲ တစ်ယူသန်အမြင်ကျဉ်းသည့် မျိုးချစ်စိတ်များ လျော့နည်းသွားမည်ဟု ယုံကြည်ပါသည်။ သမိုင်းကြောင်းအရ ဖြစ်တည်လာသော မတူကွဲပြားခြားနားမှုကို အပေးအယူမျှမျှတတဖြင့် ဆင်ခြင်တုံတရားရှိစွာ နားလည်လက်ခံပေးလာနိုင်ရပါမည်။ ထိုသို့နားလည်မှုမျိုးကသာ တစ်ဦးနှင့်တစ်ဦး စိုးရိမ်စိတ်များကို ဖယ်ရှားပေးပြီး သံသယများကို ပပျောက်စေကာ ယုံကြည်မှုကို တိုးပွားစေပါသည်။

စိုးရိမ်စိတ်နှင့် သံသယစိတ်များကို အခြေခံသည့် ပဋိပက္ခများကို ညီညွတ်မှုစွမ်းအားဖြင့် မဖြေရှင်းနိုင်လျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အုတ်မြစ်များမချနိုင်ဘဲ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေမည်သာဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ကပေးသော အပြန်အလှန်နားလည်မှုမျိုး၊ ယုံကြည်မှုမျိုးကသာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ပန်းတိုင်သို့ ရောက်ရှိစေမည်ဖြစ်ပါသည်။

### ငြိမ်းချမ်းရေးအတွက် အကောင်အထည်ဖော်

လျှောက်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးခရီးလမ်းသည် ခက်ခက်ခဲခဲ လျှောက်လှမ်းကြိုးပမ်းခဲ့ရသောလမ်းဖြစ်သည်။ ငြိမ်းချမ်းရေးတံခါးမုခ်ဦးအဖြစ် တင်စားယူနိုင်သော NCA သည် အလွယ်တကူရရှိခဲ့သော သဘောတူညီချက်တစ်ခု မဟုတ်၍ ပျက်ပြယ်သွား၍ မသင့်ပါ။ ငြိမ်းချမ်းရေးကို စစ်ပွဲနည်းလမ်းဖြင့် ဘယ်လိုမှဖြေရှင်း၍ မရနိုင်ဟူသော အချက်ကို သဘောပေါက်ခဲ့၍ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုပေါင်းများစွာဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ရယူခဲ့ရသော သဘောတူညီချက်တစ်ခုဖြစ်သည်။ သို့ဖြစ်၍ အားလုံးက လေးစားလိုက်နာပြီး ငြိမ်းချမ်းရေးအတွက် ဆက်လက်အကောင်အထည်ဖော်ရပါမည်။

ရှေ့လုပ်ငန်းစဉ်မှ လမ်းပြချက်များ၊ ဦးတည်ချက်မှ ပေးထားချက်များနှင့်အတူ အကောင်းမြင်မှုများစွာဖြင့် ငြိမ်းချမ်းရေးအတွက် ယုံကြည်ချက်များ တိုးပွားနေသော်လည်း စိန်ခေါ်မှုများစွာရှိနေသည့်အချက်ကိုတော့ ထည့်မတွက်၍မရပေ။ သဘောထားကွဲလွဲမှုများ၊ မတူညီသောအမြင်များကို နီးစပ်အောင် များစွာကြိုးပမ်းအားထုတ်ရပါဦးမည်။ စစ်ကိုခေါ်လျှင် စစ်နှင့်တစ်ပါတည်း အနိဋ္ဌာရုံများပါ ပါလာမည်ကို ပညာဉာဏ်ရှိစွာဖြင့် ထည့်တွက်ထားရပေမည်။ သို့သော်လည်း ငြိမ်းချမ်းသည့် အပြောင်းအလဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြင်းအထန် ကြိုးစားအကောင်အထည်ဖော်မှုများကို တွေ့မြင်နေရသည်မှာ အားတက်ဖွယ်ရာဖြစ်ပါသည်။ အရေးကြီးပြီး တန်ဖိုးထားရမည့် ငြိမ်းချမ်းရေးနှုတ်ခွန်းဆက်သံ၊ ပဋိပက္ခများချုပ်ငြိမ်းရေး ငြိမ်းချမ်းရေး ဖိတ်ခေါ်သံများကို အဆက်မပြတ်ကြားနေရပါသည်။

### ရလဒ်ကောင်းများ မကြာမီတွေ့မြင်ရဖွယ်ရှိ

အဓိကပါဝင်ပတ်သက်သူများ၏ မကြာခဏညှိနှိုင်းတွေ့ဆုံပွဲများက ငြိမ်းချမ်းရေးလမ်းစကို မြင်အောင်ပြပေးနေပါသည်။ သို့သော် တစ်ဖက်တည်း၏ ရှေ့ဆောင်ရှေ့ရွက်ပြုမှုတင်မကဘဲ နိုင်ငံသူနိုင်ငံသားအားလုံး တိုင်းရင်းသားလူမျိုးအားလုံး၏ ရေရှည်အကျိုးစီးပွား၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်ကိုး၍ အားလုံးက အလျင်အမြန်ပါဝင်လက်တွဲကြရန် အရေးတကြီး လိုအပ်နေပါသည်။ သို့မှသာ နိုင်ငံတော် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များမှ၊ ပေးထားချက်များမှ ပေါ်ထွက်လာမည့် ရလဒ်ကောင်းများကို မကြာမီတွေ့မြင်ရဖွယ်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

* *ကျောဖုံးမှ*

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းမှ စတင်၍ အထင်ကရနေရာများဖြစ်သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၊ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၊ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ အမျိုးသားပြတိုက်**(ယာပုံ)**နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ သွားရောက်လေ့လာကြသည်။



ကရင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် နော်ကြူကြူသန်းက "အခုလိုလေ့လာရေးခရီးစဉ်တွေ သွားရတဲ့အတွက် ကလေးတွေ ဝမ်းသာကြပါတယ်။ အမျိုးသားပြတိုက်ကို ရောက်ရှိခြင်းအားဖြင့်လည်း ကျွန်မတို့တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေနဲ့ ရှေးဟောင်းအမွေအနှစ်တွေကို လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတတွေ တိုးပွားရပါတယ်" ဟု ပြောသည်။

တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၃ ဦး၊ ကယားပြည်နယ်မှ ၂၈ ဦး၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၃၇ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦးနှင့် ရခိုင်ပြည်နယ်မှ ၃၅ ဦး ပါဝင်ကြောင်း သိရပြီး လေ့လာရေးခရီးစဉ် ဒုတိယနေ့အဖြစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဥပ္ပါတသန္တိစေတီတော်၊ နေပြည်တော်ဗုဒ္ဓဂယာ၊ ရေပန်းဥယျာဉ်၊ ကျောက်မျက်ရတနာပြတိုက်၊ လွှတ်တော်အဆောက်အအုံနှင့် Junction Centre တို့သို့ သွားရောက် လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ အမျိုးသားပြတိုက်၌ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာကြစဉ်။

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ညောင်ရွှေ၌ကျင်းပ

ညောင်ရွှေ ဖေဖော်ဝါရီ ၆

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့ အင်းလေးနှင်းဆီ ဖူဆယ်အားကစားကွင်း၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဦးက အမှာစကားပြောကြားပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဒိုင်အဖွဲ့သို့ ဘောလုံးနှင့် ခြင်းလုံးတို့ကို ပေးအပ်သည်။ ဆက်လက်၍ ဒိုင်အဖွဲ့များက ပြိုင်ပွဲဝင်အသင်းများသို့ ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဖူဆယ်ဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် နန္ဒဝန်ရပ်ကွက် (ခ)အသင်းနှင့် ဝင်းရပ်ကွက်အသင်း ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် နန်းပန်ရပ်ကွက်အသင်းနှင့် နန္ဒဝန်ရပ်ကွက်အသင်း ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်များမှ ဖူဆယ်ဘောလုံးအသင်း ၁၆ သင်း၊ ပိုက်ကျော်ခြင်းအသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေးမျက်နှာမြို့နယ်လုံးဆိုင်ရာ အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲကျင်းပ

လေးမျက်နှာ ဖေဖော်ဝါရီ ၆

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း အသစ်တည်ဆောက်ပြီးစီးသည့် အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လေးမျက်နှာမြို့နယ် ဒက္ခိဏာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအရိယနန္ဒ၊ ဧရာဝတီ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်တို့က အောက်ဆီဂျင်စက်ရုံ အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့မှ အမွှေးနံ့သာများ ပက်ဖျန်းကာ ဖွင့်လှစ် ပေးခဲ့သည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောက်ဆီဂျင်စက်ရုံ လည်ပတ်နေမှုအခြေအနေများ အား လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများက စက်ရုံလည်ပတ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ကာ လိုအပ်သည်များ မှာကြားခဲ့သည်။ ထို့နောက် အဖွဲ့ဝင်များက ဒုံးယိမ်းအကအဖွဲ့များအား ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကာ ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မြို့နယ်လုံးဆိုင်ရာ အောက်ဆီဂျင် စက်ရုံသည် တစ်နာရီလျှင် လီတာ ၄၀ အိုးလေးအိုး ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ပြည်သူ များ၏ ကျန်းမာရေးအတွက် များစွာအထောက် အကူပြုနိုင်မည်ဖြစ်သည်။

**ကျော်ဟိန်း(ပြန်/ဆက်)**




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးငြှိမ်းသတ်ယာဉ်များ လွှဲပြောင်းပေးအပ်

**ပဲခူး ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝင်းအတွင်း၌ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မီးငြှိမ်း သတ်ယာဉ်များ လွှဲပြောင်းပေးအပ် ခြင်းအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မီးငြှိမ်းသတ်ယာဉ် လေးစီးနှင့် မီးသတ်ရေသယ်ယာဉ် တစ်စီး စုစုပေါင်း ငါးစီးအား ပဲခူးတိုင်း ဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဝင်းထံ လွှဲပြောင်းပေးအပ်ပြီး(ဝဲပုံ) မီးငြှိမ်း သတ်ယာဉ်များကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။



**မီးဘေးအန္တရာယ်တားဆီးရန်လို**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မီးငြှိမ်းသတ်ယာဉ် များ၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပတ်သက်သည့် ဆက်စပ်ပစ္စည်း များကို နှစ်စဉ်ရန်ပုံငွေလျာထား ဝယ်ယူပေးလျက် ရှိကြောင်း၊ မီးသတ်စခန်းများတွင် လူအသင့်၊ ယာဉ်/စက်အသင့်၊ ဆီအဆင့်၊ ရေအသင့်ရှိရန် လိုအပ်သလို မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန် ငြှိမ်းသတ်နိုင်ရေး သရုပ်ပြ လေ့ကျင့်ခြင်းများလည်း စဉ်ဆက် မပြတ် လေ့ကျင့်နေရန် လိုအပ် ကြောင်း၊ ဆက်လက်၍ မီးသတ် တပ်ဖွဲ့ဝင်များကိုလည်း နည်း ပညာများနှင့် ကျွမ်းကျင်မှု ရှိအောင် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးကို လည်း ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကိုများ မီးဘေးအန္တရာယ်မှ ကာကွယ် တားဆီးစောင့်ရှောက်ရန် လိုအပ် သည့် မီးငြှိမ်းသတ်ယာဉ်များ မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ် သည့်အတွက် ရေရှည်အသုံးပြုနိုင် ရေး စနစ်တကျ ကိုင်တွယ် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြား ခဲ့သည်။

ယင်းနောက် လွှဲပြောင်း ပေးအပ်ခဲ့သည့် မီးငြှိမ်းသတ်ယာဉ် များဖြင့် မီးငြှိမ်းသတ်မှု သရုပ်ပြ ခြင်းကို ပြသခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ အစိုးရ အဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသ ကြီး မီးသတ်ဦးစီးဌာန ညွှန်ကြား ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုကြသည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါ မီးငြှိမ်းသတ်ယာဉ် လေးစီးနှင့် မီးသတ်ရေသယ် ယာဉ် တစ်စီးတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ အဖွဲ့ ရန်ပုံငွေ ၃၁၁ ဒသမ ၈၅သန်း ဖြင့် ဝယ်ယူခဲ့ပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ လွှဲပြောင်း ပေးအပ်ခြင်းဖြစ်ကြောင်း သိရ သည်။ **တင်စိုး(ပဲခူး)**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး လက်ဝှေ့လူရွေးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

**(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ၂၀၂၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား/ အမျိုးသမီး လက်ဝှေ့ လူရွေးပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏလက်ဝှေ့လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။**

ရှေးဦးစွာ အမျိုးသား၊ ၄၉၊ ၅၂၊ ၅၆၊ ၆၀၊ ၆၄၊ ၆၉၊ ၈၁ ကီလို လူသစ်တန်းနှင့် အလွတ်တန်း ပြိုင်ပွဲများ၊ အမျိုးသမီး ၅၂ ကီလို အလွတ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၄ ကီလိုနှင့် ကီလို ၆၀ အလွတ် တန်းပြိုင်ပွဲ ဗိုလ်လုပွဲများ ကျင်းပ ပြီးနောက် ဆုချီးမြှင့်ပွဲအခမ်းအနား ကို ကျင်းပရာ အကောင်းဆုံးဆုရ အားကစားသမားများနှင့် ကီလို အတန်းလိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယဆုရ အားကစား သမားများအား ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ ဥပဒေ ချုပ် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ ဦးငွေအောင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးအောင်မိုး၊ အားကစား နှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင် ဆွေ၊ တိုင်းဒေသကြီး လက်ဝှေ့ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းကျော်၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကိုကိုအောင် နှင့် တာဝန်ရှိသူများက ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်ကြ သည်။

“ကျွန်တော်တို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီး အနေနဲ့ လူရွေးပွဲကျင်းပခြင်းဖြစ်ပါတယ်။ မြို့နယ်ပေါင်း ၁၂ မြို့နယ်မှ အားကစားသမား အမျိုးသား ၆၂ဦး အမျိုးသမီးနှစ်ဦး ဝင်ရောက် ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲ ကနေ အကောင်းဆုံးအားကစား သမားများကို ပြည်နယ်နှင့် တိုင်း ဒေသကြီး ပြိုင်ပွဲများမှာ ယှဉ်ပြိုင် မယ် ဖြစ်ပါတယ်။ ဒီလက်ဝှေ့ ပြိုင်ပွဲကို နေပြည်တော်မှာ မတ် ၁၀ ရက်မှ ၁၇ ရက်အထိ ကျင်းပ မှာ ဖြစ်ပါတယ်။ ပြိုင်ပွဲကို အမျိုးသား ကိုးဦးနဲ့ အမျိုးသမီး ခြောက်ဦး ယှဉ်ပြိုင်မှာ ဖြစ်ပါ တယ်”ဟု ရန်ကုန်တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီ အတွင်း ရေးမှူး ဦးသက်ထွန်းစိုးက ပြောသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ ကျင်းပ ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – အာကာစိုး**



အမျိုးသား ကီလို ၆၀ အလွတ် တန်း ယှဉ်ပြိုင်စဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၂-၂၀၂၂ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရ္စ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ ဝိတိုရိယတောင်(ခေါ်)ခေါ်နွားစုမ်
- ၀၈:၃၅ ခမ်းနားထည်ဝါအင်းသားတို့ရဲ့ ရှေးလက်ရာ
- ၀၉:၀၀ 'တူယှဉ်နွဲပျော် ဂီတပွဲတော်' သီချင်းဆို ပြိုင်ပွဲ (ဒုတိယအဆင့်ပွဲစဉ်) (ပြဌာန်း တေးသီချင်း) ထုတ်လွှင့်မှုအစီအစဉ်
- ၁၃:၀၀ စိန်ရတုပြည်ထောင်စုနေ့ ဝုဏ်ပြုတေး
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုဇာတ်လမ်း 'ရောင်စုံပန်းတို့ရဲ့နိုင်ငံယာရီ'
- ၁၅:၁၅ သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း
- ၁၇:၁၀ This Week's Special Interest
- ၁၇:၂၅ အလုပြာဝေတောင်ဇလပ်မြေ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ခါးခါးအချစ်ချိုချို' (အပိုင်း-၃၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၁၅ စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် 'တောင်ဇလပ်တို့ရဲ့ဂိုးရာအလှ' Fashion Show
- ၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေဆုံးသောနေရာ' (အပိုင်း-၃၂)

သောကြာနေ့ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

### mitv

- 07:01 Union Blood (Pann Nu Yin, Pann Su Thwin)
- 07:07 Journey To The Mogok (Part-1)
- 07:29 Myanmar Musical Orchestra
- 07:33 On the River
- 08:01 School For the Blind (Kyee Myin Dine)
- 08:27 Myanmar Traditional Identity (EP-2) Myanar Chinthe (Myanmar Lion
- 08:41 Moyingyi Wildlife Sanctuary
- 08:45 Sayit-wyne Girls
- 09:01 News
- 09:26 Global Partnership for Brighter Future: Fiji Pavilion at Expo 2020 Dubai
- 09:33 Discovering Tribes: Yin Net Tribe - Their Life and Customs
- 10:01 Ngapali Beach: Fishing Villages

### MRTV NRC

**ဝဏ္ဏကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကောက်ညှင်းကျည်တောက်လုပ်စားနည်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
တိုင်းရောရဲ့ထင်ရှားကျော်ကြားဒေသများ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အံ့ဩဖွယ်ရာပဒုံဂူမြေမှာ

**ချင်း (လိုင်စိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ကန်ပက်လက်မြို့နယ်
ညီအစ်ကိုမောင်နှမများရဲ့ရိုးရာပလွေဂီတ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
တွဲလက်ညီညီသစ္စာတည် (အပိုင်း-၃)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ယဉ်ကျေးမှုပြတိုက်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ငယ်ချစ်ဦးရဲ့ရှင်ခွင်ပေါင်းဆီ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပညာရပ်များစွာဆည်းပူးလေ့လာ
MRTV ကျောင်းတော်မဟာ (အပိုင်း-၃)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ကြက်သားသခွားသီးချက်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဒေါင်လန်ပူးအလွန်မှဒီးလာဝါဇီကျေးရွာသို့

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ရောင်စုံပန်းတို့ရဲ့နိုင်ယာရီ

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငွေ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၁၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၁၀ အတွေးအမြင် (အပိုင်း-၅)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၁၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၆-၂-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 2 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 3 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 4 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 5 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 6 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 7 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 8 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 9 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 10 | P.O Dexamethasone | Box of 10x10's | 1450 | JDS |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 3233025 2139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆ – အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက်၌ နယ်စပ် (ချင်းရွှေဟော်) တွင် ကုမ္ပဏီ တစ်ခုမှ INFUSION (၁၆၄၉၆) ခု၊ SYRINGE (၁၃၈၃၀) ခု၊ GLUCOSE INJECTION (၃၉၈၄၀) ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၂ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၇၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၅၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၃၀/၁၆၅၀ ကျပ် | ၁၆၅၀/၁၆၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၄၀/၁၆၆၀ ကျပ် | ၁၆၇၅/၁၆၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၀၀/၁၆၂၅ ကျပ် | ၁၆၅၀/၁၆၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၅၅/၁၆၉၅ ကျပ် | ၁၇၆၀/၁၇၈၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၁၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၅ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၅၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၀၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၁၀၅၃ | ၈၆၃၄၆၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၃၃၀ | ၄၅၉၃၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၃၉ | ၃၁၂၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၅ | ၁၂၇၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# စားသုံးသူတို့ကျန်းမာရေး စားသုံးဆီအရည်အသွေး ထိန်းသိမ်းပေး

*အိအိချော(စားသုံးသူရေးရာဦးစီးဌာန)*

လူသားတို့၏ ဘဝရပ်တည်မှု၌ အဓိကလိုအပ်ချက်သုံးမျိုးဖြစ်သည့် “စားရေး၊ ဝတ်ရေးနှင့် နေရေး” တို့တွင် “စားရေး”သည် အသက်ရှင်မှုအတွက် အလွန်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ လူတို့စားသောက်ရန် ရည်ရွယ်၍ ထုတ်လုပ်ထားသော စားသောက်ကုန်များ၏ အရည်အသွေးမြင့်မားမှုကလည်း ကျန်းမာသက်ရှည်ရေးကို များစွာအထောက်အကူပြုလျက်ရှိပါသည်။

**စားသုံးဆီအရည်အသွေး**

စားသောက်ကုန်ဟုဆိုရာ၌ မြန်မာတို့၏ အခြေခံစားကုန်များတွင် တစ်ခုအပါအဝင် ဖြစ်သော စားသုံးဆီ၏ အရည်အသွေးသည် စားသုံးသူများ၏ ကျန်းမာရေးအတွက် လျစ်လျူရှုထားသင့်သော အရာမဟုတ်ပေ။ သို့ဖြစ်ရာ ကျန်းမာရေးနှင့် ညီညွတ်သောအရည်အသွေးမြင့် စားသုံးဆီများတင်သွင်း သိုလှောင်ထုတ်လုပ်ရောင်းချဖြန့်ဖြူးပေးနိုင်ရန်အလို့ငှာ စားသုံးဆီအရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ အကြောင်းအရာများကို စားသုံးဆီလုပ်ငန်းလုပ်ကိုင်ကြသူတိုင်းက လေ့လာသိရှိထားကြရုံမျှမက လိုက်နာဆောင်ရွက်ကြရန်လည်း အထူးလိုအပ်လှပါသည်။

“အရည်အသွေးထိန်းသိမ်းခြင်း” ဟု ဆိုရာ၌ အရည်အသွေးဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို သေချာစွာသိရှိထားရမည်ဖြစ်ပါသည်။ “ထုတ်ကုန်ပစ္စည်းတစ်ခု၏ အရည်အသွေး” ဆိုသည်မှာ စားသုံးသူများ၏ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်သော ၎င်းကုန်ပစ္စည်း၏ ကြန်အင်လက္ခဏာများဖြစ်သည်ဟု မှတ်သားဖူးခဲ့ရာ စားသုံးဆီနှင့်ပတ်သက်၍ စားသုံးသူများ၏ မျှော်မှန်းချက်အရ သတ်မှတ်ထားသော ရူပအရည်အသွေးများမှာ ကြည်လင်သော အရောင်ရှိပြီး မကောင်းသော အနံ့ကင်းကာ အရသာကောင်းမွန်၍ အမှုန်အနည်ကင်းစင်ရမည်တို့ဖြစ်ပါသည်။

ထို့ပြင်လည်း အခြားအဓိပ္ပာယ်သတ်မှတ်ချက်အနေဖြင့် “စားသုံးသူများ၏ မျှော်မှန်းချက်အပြင် သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ပါ ကိုက်ညီမှုရှိပြီး နိုင်ငံတော်က အခါအားလျော်စွာ ပြဋ္ဌာန်းသည့် ဥပဒေ နည်းဥပဒေတို့နှင့်ပါ အကျုံးဝင်သော ၎င်းကုန်ပစ္စည်း၏ ကြန်အင်လက္ခဏာစု” ဟူ၍လည်း လေ့လာဖူးပြန်ရာ စားသုံးဆီ၏ သိပ္ပံနည်းကျတိုင်းတာရရှိသော ဓာတုဗေဒဆိုင်ရာ အရည်အသွေးအချက်အလက်များသည် စံချိန်စံညွှန်း ဘောင်အတွင်းရှိနေမှသာ ကျန်းမာရေးနှင့်ညီညွတ်သော အဆင့်မြင့်စားသုံးဆီ အရည်အသွေးနှင့် ပြည့်စုံသည်ဟု သတ်မှတ်နိုင်မည်ဖြစ်သည်။

**အရည်အသွေးစီမံခန့်ခွဲမှုနည်းစနစ်**

စားသုံးဆီ၏အရည်အသွေးသည် ဆီစားသုံးသူပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုစီးပွား ဘဝများအတွက် အတိုင်းအတာတစ်ခုအထိ အရေးပါနေသောကြောင့် စားသုံးဆီ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်အတွက် အရည်အသွေးစီမံခန့်ခွဲမှုနည်းစနစ်အရ စားသုံးဆီ၏ ဘဝအစဖြစ်သော ဆီထွက်သီးနှံဘဝကပင်စတင်၍ အရည်အသွေးကို ထိန်းသိမ်းရမည်ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း၊ စက်ကြိတ်ခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူဖြန့်ဖြူးခြင်း၊ ဈေးတွင်ရောင်းချခြင်းနှင့် မီးဖိုဆောင်တွင် အသုံးပြုခြင်းစသည့် ဆက်တန်းတစ်လျှောက်တွင် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။



❍ **လက်လီဈေးကွက် သို့မဟုတ် ရပ်ကွက်ဈေးအဆင့်သည် ဆီအရည်အသွေးကျဆင်းမှုမြန်စေသော အဓိကနေရာဖြစ်နေပါသည်။ ဤသို့သောအခြေအနေ ဖြစ်ပေါ်လာရခြင်းမှာ ဆီရောင်းချသည့်စနစ် ပုံစံမမှန်မှုကြောင့်ဖြစ်ပါသည်။ ဆီဈေးအထပ်ထပ်တက်နေသော ပုံးထဲမှဆီကို ဆီချိန်ခွက် (ဆီမှုတ်)ဖြင့် ခပ်ယူ၍ ခွက်မှောက်ခွက်လှန်စနစ်ဖြင့် ရောင်းချနေသောကြောင့် ပြင်ပလေနှင့် ဆီမျက်နှာပြင် ထိတွေ့မှုများခြင်းနှင့်အတူ ဆီထဲသို့ ဆီမဟုတ်သောပစ္စည်းများ ပါဝင်မှုရှိလာခြင်းတို့ဖြစ်ပေါ်လာပြီး ဆီကိုပျက်စီးလာစေနိုင်ပါသည်။ ထိုသို့သော အခြေအနေဖြစ်ပေါ်နေသောဆီကို ဝယ်ယူစားသုံးသော စားသုံးသူကိုယ်တိုင်ကလည်း ရေရှည်ကာလတစ်ခုအတွက် သိုလှောင်စားသောက်ရန် ရည်ရွယ်ပါက ပျက်ဆီးနေသောဆီကြောင့် မိသားစုကျန်းမာရေးကိုပါ ထိခိုက်လာမည်ဖြစ်ပါသည်**

ဆီထွက်သီးနှံများတွင် စုစုပေါင်း ဆီပါဝင်မှု ၂၅ ရာခိုင်နှုန်းနှင့် အထက်ရှိသော သီးနှံများကို သဘာဝနည်းဖြင့်ဆီကြိတ်၍ ရရှိသော်လည်း ၂၅ ရာခိုင်နှုန်းအောက်ရှိသော သီးနှံများကိုမူ ဓာတုဗေဒနည်းဖြင့်သာ စားသုံးဆီထုတ်ယူနိုင်ပါသည်။ သို့ဖြစ်ရာ “မူရင်းကောင်းမှ မိတ္တူကောင်း နိုင်မည်” ဖြစ်သကဲ့သို့ အရည်အသွေးမြင့် စားသုံးဆီ ရရှိစေရန် ပင်ရင်းဆီထွက်သီးနှံ၏ အရည်အသွေးပေါ်မူတည်သောကြောင့် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်ကို ကောင်းမွန်သော စိုက်ပျိုးနည်းကျင့်စဉ်အတိုင်း လိုက်နာစိုက်ပျိုး၍ ရိတ်သိမ်းချိန် မှန်ကန်ရန်လည်းသတိပြုသင့်ပါသည်။ ရိတ်သိမ်းပြီးနောက်ပိုင်း ပျက်စီးဆုံးရှုံးမှုနှင့် မှိုကျရောက်ခြင်းတို့မှ ကာကွယ်နိုင်ရန်အတွက်လည်း ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ ပညာရှင်များ၏ အကြံပြုချက်များကို လေးစားလိုက်နာဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

စားသုံးဆီထုတ်လုပ်သည့် စက်ရုံများအနေဖြင့်လည်း မိမိတို့ထုတ်ကုန်အရည်အသွေးမြင့်မားစေရန် ရည်ရွယ်၍ ကုန်ကြမ်းအဆင့်မှ စတင်ပြီး ထုတ်လုပ်မှုဖြစ်စဉ်တစ်လျှောက် အပါအဝင် ကုန်ချောထွက်သည်အထိ အဆင့်တိုင်း နေရာတိုင်းတွင် စနစ်တကျစီမံကွပ်ကဲနိုင်သည့် အရည်အသွေး စီမံခန့်ခွဲမှုစနစ်တစ်ရပ် ရေးဆွဲဆောင်ရွက်သင့်ပါသည်။ သို့မှသာ မိမိတို့ထုတ်ကုန်၏ အရည်အသွေးကို ထိန်းချုပ်နိုင်ပြီး အရည်အသွေးအာမခံမှုပေးနိုင်မည်ဖြစ်ပါသည်။

**ပြည်ပမှ တင်သွင်းလျှင်**

စားသုံးဆီကို ကိုယ်တိုင်ထုတ်လုပ်ခြင်းမရှိဘဲ ပြည်ပမှ မှာယူတင်သွင်းပြီး သိုလှောင်ဖြန့်ဖြူးရောင်းချသူများအနေဖြင့်လည်း မိမိတို့နိုင်ငံမှ ထုတ်ပြန်ထားသော စားသုံးဆီအရည်အသွေး သတ်မှတ်ချက်များကို လိုက်နာ၍ မှာယူတင်သွင်းရမည့်အပြင် သိုလှောင်ကာလ၌ ဆီအရည်အသွေးကျဆင်းမှု နည်းနိုင်သမျှ နည်းစေရန်ကိုလည်း စီမံဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆီသိုလှောင်ကန်၏ တည်ဆောက်ပုံ၊ ကြံ့ခိုင်ရေး၊ သန့်ရှင်းရေးနှင့် စောင့်ကြည့်စစ်ဆေးထိန်းသိမ်းခြင်းတို့က များစွာအရေးပါသောအချက်များဖြစ်ကြပါသည်။

**စားသုံးဆီသိုလှောင်ကန်**

စားသုံးဆီသိုလှောင်ကန်ကို စားသုံးဆီနှင့် ထိတွေ့လျှင် ဓာတ်ပြုနိုင်ခြင်းမရှိသော Stainless Steel ဖြင့်တည်ဆောက်သင့်ပြီး Mild Steel ဖြစ်နေပါကအတွင်းဘက်ကို epoxy သုတ်လိမ်းရမည်ဖြစ်ပါသည်။ တည်ဆောက်သည့်ပုံသဏ္ဌာန်သည် လုံးရှည်ဆလင်ဒါပုံထက် အောက်ခြေရှူး ကော်နီကယ်ပုံသဏ္ဌာန်က သန့်ရှင်းရေးဆောင်ရွက်ရန်အတွက် ပိုမိုအဆင်ပြေစေပါသည်။ ဆီသိုလှောင်ကန်၏ ပိုက်လိုင်းစနစ်သည်ဆီသွင်း၊ ဆီထုတ် ပြုလုပ်ရန် သီးခြားပိုက်လိုင်းစနစ်ရှိသင့်ပြီး ပိုက်လိုင်းများရှိ အဖွင့်အပိတ်ဘားများလုံခြုံမှုရှိရန် အရေးကြီးပါသည်။ ၎င်းတို့မလုံပါက ဆီလှောင်ကန်အတွင်းသို့ ပြင်ပလေဝင်ရောက်နိုင်ပြီး ဓာတ်တိုးမှုဖြစ်စဉ်အရ စားသုံးဆီအရည်အသွေးကို ကျဆင်းလာစေနိုင်ပါသည်။ ထို့ပြင် ဆီလှောင်ကန်အတွင်းရှိ စားသုံးဆီ၏ အရည်အသွေးကို နေ့စဉ်နမူနာထုတ်ယူ၍ စစ်ဆေးပြီး မှတ်တမ်းထားခြင်း၊ အဆင့်(Grade) မတူသော စားသုံးဆီများ ရောနှောခြင်းမှ ကင်းဝေးစေရန်အတွက်လည်း ဆီအသစ်မသိုလှောင်မီ လက်ကျန်ဆီကို ဦးစွာရှင်းထုတ်၍ ဆီကန်ကိုကောင်းမွန်စွာ သန့်ရှင်း ခြောက်သွေ့စေပြီးမှ အသုံးပြုခြင်းစသည့် အလေ့အကျင့်ကောင်းများကိုလည်း စားသုံးဆီအရည်အသွေးထိန်းသိမ်းရာတွင် အမြဲဆောင်ရွက်သင့်ပါသည်။

စားသုံးဆီစက်ရုံမှ ထုတ်လုပ်ရရှိသော စားသုံးဆီများကိုလည်းကောင်း၊ သိုလှောင်ကန်အတွင်းမှ စားသုံးဆီများကိုလည်းကောင်း ထုပ်ပိုးတံဆိပ်ကပ်ရန်အတွက် နေရာတစ်ခုသို့ သယ်ဆောင်လိုသည့်အခါ အသုံးပြုရသော Container များသည် အတွင်းအပြင် ကောင်းစွာသန့်စင် ခြောက်သွေ့ပြီးသော Food Grade Container များဖြစ်ရမည့်အပြင် အဖုံးလုံခြုံစွာ ပိတ်ဆို့နိုင်ရန်လည်း လိုအပ်ပါသည်။ သိုလှောင်ကန်အပိုင်းက သိုလှောင်ထားစဉ်ကာလအတွင်း ဆီအရည်အသွေးကျဆင်းမှုကို စနစ်တကျထိန်းချုပ်နိုင်ရန်မည်သို့ပင် ဆောင်ရွက်ထားစေကာမူ ဆီထုတ်ယူသယ်ဆောင်သည့် Container များ၏ မသန့်ရှင်းမှုနှင့် ယိုယွင်းပျက်စီးမှုတို့ကလည်း စားသုံးဆီအရည်အသွေးအား အလွန်ထိခိုက်စေသည်ကို သတိပြုသင့်ပါသည်။

ပြည်တွင်း၌ ထုတ်လုပ်ထားသော စားသုံးဆီကိုဖြစ်စေ၊ ပြည်ပမှ မှာယူတင်သွင်းလာသော စားသုံးဆီကိုဖြစ်စေ ဈေးကွက်သို့ ပို့ဆောင်မည်ဆိုပါက Food Grade ထုပ်ပိုးပစ္စည်းဖြင့် Packing ပြုလုပ်ပြီး မိမိတို့၏ ကုန်တံဆိပ်အမှတ်အသားပါဝင်သော ကုန်ညွှန်းအမှတ်အသားကို ထုပ်ပိုးပစ္စည်းပေါ်တွင် သေချာစွာ ကပ်ပေးရပါမည်။ စားသုံးဆီကို ထုပ်ပိုးမှုမပြုလုပ်မီ ဦးစွာအရည်အသွေး စစ်ဆေးသင့်ပြီး အထားခံနိုင်မှုကာလ(Shelf Life ) ကိုလည်း သုတေသနပြုလုပ်ထားသင့်ပါသည်။

**ဆီအရည်အသွေးကျဆင်းမှု မြန်စေသော အဓိကနေရာ**

စားသုံးဆီ၏ ထုတ်လုပ်မှုကွင်းဆက်( Supply Chain ) တစ်လျှောက်တွင် End User ဖြစ်သည့် စားသုံးသူထံသို့မရောက်မီ ကြားအဆင့်တစ်ခုဖြစ်သော လက်လီဈေးကွက် သို့မဟုတ် ရပ်ကွက်ဈေးအဆင့်သည် ဆီအရည်အသွေးကျဆင်းမှုမြန်စေသော အဓိကနေရာဖြစ်နေပါသည်။ ဤသို့သောအခြေအနေ ဖြစ်ပေါ်လာရခြင်းမှာ ဆီရောင်းချသည့်စနစ် ပုံစံမမှန်မှုကြောင့်ဖြစ်ပါသည်။ ဆီဈေးအထပ်ထပ်တက်နေသော ပုံးထဲမှဆီကို ဆီချိန်ခွက်(ဆီမှုတ်) ဖြင့် ခပ်ယူ၍ ခွက်မှောက်ခွက်လှန်စနစ်ဖြင့် ရောင်းချနေသောကြောင့် ပြင်ပလေနှင့် ဆီမျက်နှာပြင် ထိတွေ့မှုများခြင်းနှင့်အတူ ဆီထဲသို့ ဆီမဟုတ်သော ပစ္စည်းများ ပါဝင်မှုရှိလာခြင်းတို့ဖြစ်ပေါ်လာပြီး ဆီကိုပျက်စီးလာစေနိုင်ပါသည်။ ထိုသို့သောအခြေအနေဖြစ်ပေါ်နေသောဆီကို ဝယ်ယူစားသုံးသော စားသုံးသူ ကိုယ်တိုင်ကလည်း ရေရှည်ကာလတစ်ခုအတွက် သိုလှောင်စားသောက်ရန် ရည်ရွယ်ပါက ပျက်စီးနေသောဆီကြောင့် မိသားစုကျန်းမာရေးကိုပါ ထိခိုက်လာမည်ဖြစ်ပါသည်။

**ကျန်းမာရေးထိခိုက်မှုမှ ကာကွယ်ပေးရန်**

အရည်အသွေးမမီသော စားသုံးဆီများနှင့် အမျိုးအစားမမှန်ကန်သော စားသုံးဆီများကြောင့် နောက်ဆက်တွဲကြုံတွေ့လာရမည့် ကျန်းမာရေးထိခိုက်မှုမှ ကာကွယ်ပေးရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့မှ အမိန့်ကြော်ငြာစာအမှတ် ၅၂၄/ ၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်တွင်

*စာမျက်နှာ ၂၁ သို့*

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# YBS ယာဉ်လိုင်းတချို့ နံပါတ်ပြောင်း ပြေးဆွဲမည်




**ရန်ကုန် ဖေဖော်ဝါရီ ၆**

ယာဉ်လိုင်းနံပါတ်တူပြီး ပြေးဆွဲသည့် လမ်းကြောင်းနှင့် ဂိတ်ရင်းဂိတ်ဖျား မတူသည့် YBS ယာဉ်လိုင်း ၁၅ လိုင်းအား ဖေဖော်ဝါရီ ၁၂ ရက်နေ့ ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့တွင် လိုင်းနံပါတ် ပြောင်းလဲသတ်မှတ် ပြေးဆွဲမည်ဖြစ်ကြောင်း၊ ယခုလိုပြောင်းလဲသတ်မှတ်ပေးခြင်းသည် ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှသိရသည်။

"နံပါတ်တစ်ခုတည်းနဲ့ ယာဉ်လိုင်း ၅ နေရာကိုသွားတဲ့ အဲဒီလိုမျိုးကွဲပြားနေတာ ရှိတယ်။ ဥပမာပြောပြရရင် YBS ၃၇ ဆိုရင် ၅ လိုင်းလောက် ထောက်ကြန့်-ဆူးလေသွားတဲ့ သပ်သပ်ရှိတယ်။ ဝါယာလက် - ဆူးလေ - ခြောက်ထပ်ရုံး၊ မော်ဘီ(TU) မှ ဆူးလေ - ခြောက်ထပ်ရုံး၊ ဥက္ကံ - ဆူးလေ - ခြောက်ထပ်ရုံး၊ လှည်းကူး - ဆူးလေ - ခြောက်ထပ်ရုံး အဲဒီလိုမျိုး နံပါတ် ၃၇ တစ်ခုတည်းကနေပြီးတော့ ငါးနေရာလောက်ဖြစ်နေတယ်။ အဲဒါကြောင့် ခရီးသွားပြည်သူများအတွက် အဆင်မပြေဘူး၊ မှားစီးနိုင်ပါတယ်။ ဒီနံပါတ်စီးပေမယ့် သူသွားလိုတဲ့ခရီးကို မရောက်ဘဲနဲ့ ထပ်ဆင့်ပြီးတော့ ပြောင်းစီးရတာတွေ၊ ဘာတွေရှိတယ်။ အကုန်အကျလည်းများတယ်။ အဲဒီလိုမျိုး အဆင်မပြေမှုလေးတွေ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ ခရီးသွားပြည်သူတွေ လွယ်လင့်တကူနဲ့ သွားလိုတဲ့ခရီးကို နံပါတ်မှားစီးတာတို့မဖြစ်အောင် သွားလိုတဲ့ နံပါတ်နဲ့သွားလိုတဲ့နေရာ တည့်တည့်မတ်မတ်၊ ဒီနံပါတ်တစ်ခုတည်း စီးတာနဲ့ အဆင်ပြေအောင်လို့ ကျွန်တော်တို့ ပြောင်းပေးတာ ဖြစ်ပါတယ်" ဟု ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။ လက်ရှိပြေးဆွဲနေသည့် YBS ယာဉ်လိုင်းများကို စီးနင်းသည့် ခရီးသည်များအနေဖြင့် မှတ်မိနေပြီဖြစ်ခြင်းကြောင့် ပြောင်းလဲသတ်မှတ်မည့် ယာဉ်လိုင်းနံပါတ်များနှင့် ပြေးဆွဲမည့် လမ်းကြောင်းများကို ခရီးသည်များနှင့် အများပြည်သူများ သိရှိစေရန်အတွက် ကြော်ငြာမှုများကို လုပ်ဆောင်ရန် ညွှန်ကြားထားကြောင်း သိရသည်။

"MRTV နဲ့ သတင်းစာတွေမှာလည်း သတင်းထုတ်ပြန်ထားပါတယ်။ နောက် ယာဉ်လိုင်းတွေကနေပြီးတော့ သူတို့ ယာဉ်ပေါ်မှာလည်း ကြော်ငြာမှာ ဖြစ်ပါတယ်။ သူတို့ဂိတ်တွေမှာ အဲဒီဟာတွေနဲ့ ပတ်သက်ပြီးတော့ ကြော်ငြာလုပ်ဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

**ထပ်တိုးပြေးဆွဲ**

YBS ယာဉ်လိုင်းပေါင်း ၁၀၃ လိုင်းရှိပြီး လတ်တလောတွင် ယာဉ်လိုင်းပေါင်း ၉၈ လိုင်း၊ ယာဉ်အစီးရေ ၂၈၂၆ စီးဖြင့် ခရီးသည် ၅၁၇၂၀၀ ကျော် နေ့စဉ်လိုက်ပါစီးနင်းနေကြောင်း သိရသည်။ ယင်းသို့ ယာဉ်လိုင်း ၁၅ လိုင်းကို နံပါတ်ပြောင်းလဲသတ်မှတ်မည်ဖြစ်ခြင်းကြောင့် ယာဉ်လိုင်းအရေအတွက်အားဖြင့် ၁၂၆ လိုင်း ဖြစ်သွားမည့်အပြင် ထပ်တိုးပြေးဆွဲ လမ်းကြောင်းအသစ်အဖြစ် ယာဉ်လိုင်းနံပါတ် ၁၂၇ ကိုလည်း ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ ယာဉ်လိုင်းနံပါတ် ၁၂၇ သည် မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်း အိမ်ရာ - ဘုရင့်နောင်လမ်း - လေးထောင့်ကန် - အမှတ်(၂)လမ်း - တောင်/မြောက်လမ်းဆုံ - ရာဇာဓိရာဇ်လမ်း - ဘုန်းကြီးကျောင်းကွေ့ - မင်းရဲကျော်စွာလမ်း- စိတ်ကျန်းမာရေးဆေးရုံ - အမှတ် (၇) လမ်း - မစိုထိပ် - အမှတ် (၂) လမ်း - လေးထောင့်ကန် - ဘုရင့်နောင်လမ်း - မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်း အိမ်ရာ(အဝိုင်းပတ်) ခရီးစဉ်အနေဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

*စာမျက်နှာ ၂၀ မှ*

အမှတ်တံဆိပ်ပါစားသုံးဆီကို ထိန်းချုပ် အစားအသောက်အဖြစ် သတ်မှတ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ပါသည်။ ထိုနည်းတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စားသုံးသူကာကွယ်ရေးဥပဒေ ( ၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉) ပုဒ်မ ၈၃ ပုဒ်မခွဲ (ခ) အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil , Cooking Oil ) နှင့် စပ်လျဉ်းသည့် ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံသားတိုင်း စားသုံးဆီကြောင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် ရောဂါဆိုးများမှ ကင်းဝေးစေရန်အလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ကြပ်မတ်ဆောင်ရွက်နေသကဲ့သို့ စားသုံးသူများဘက်မှလည်း မိမိပေးလိုက်ရသည့် ဈေးနှုန်းနှင့် ပြန်လည်ရရှိလာမည့် အရည်အသွေးတန်ဖိုးကို ချိန်ညှိ၍ ခွက်မှောက်ခွက်လှန်စနစ်အား ချန်ထားခဲ့ပြီး ကုန်ညွှန်းအမှတ်အသား အပြည့်အစုံနှင့်တကွ FDA ထောက်ခံချက်ယူထားပြီးသော အမှတ်တံဆိပ်ပါ ဆီဘူးများ (Consumer Pack )ကိုသာ ရွေးချယ်ဝယ်ယူကာ မိမိတို့စားသောက်မည့်ပမာဏကို သတ်မှတ်ထိန်းချုပ် စားသောက်သင့်ပါသည်။

**စားသုံးသူအကျိုးစီးပွား**

ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းသော စားသုံးဆီများကို ပြည်တွင်း၌ပင် အရည်အသွေးမီ တိုးတက်ထုတ်လုပ်လာနိုင်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သောကြောင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်၍ နိုင်ငံတော်အတွက် အကျိုးရှိလာမည့်အပြင် လုပ်ငန်းရှင်များကိုယ်တိုင်လည်း မိမိတို့၏ ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်း၊ ထုတ်ကုန်အရည်အသွေးထိန်းသိမ်းခြင်းတို့ဖြင့် အရည်အသွေးဆိုင်ရာ ကွင်းဆက်ဖြစ်စဉ် (Quality Chain Process ) အရ ရောင်းအားကောင်းလာနိုင်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ် ကျဆင်းလာသောကြောင့် ဈေးနှုန်းကိုပါ တည်ငြိမ်လာနိုင်စေခြင်းဖြင့် စားသုံးသူအကျိုးစီးပွားကိုလည်း ကာကွယ်ရာရောက်မည်ဖြစ်ပါသည်။

သို့ပါ၍ စားသုံးဆီလုပ်ငန်းဆောင်ရွက်နေကြသောလုပ်ငန်းရှင်များအနေဖြင့် "ကုသိုလ်လည်းရ ဝမ်းလည်းဝ" ဆိုသည့် မြန်မာစကားပုံနှင့်အညီ မိမိအပါအဝင် စားသုံးသူများနှင့်အတူ နိုင်ငံတော်အတွက်ပါ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကျန်းမာရေးနှင့်ညီညွတ်သော အရည်အသွေးမြင့်စားသုံးဆီများကို တိုးတက်ထုတ်လုပ်၍ သန့်ရှင်းသပ်ရပ်သော အဆင့်မြင့် ထုပ်ပိုးမှုစနစ်ဖြင့် စေတနာရှေ့ထား၍ ထုတ်လုပ်ရောင်းချနိုင်ကြစေရန် ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒ ပူဇနီယပွဲတော်၊ ဓာတ်လှေကားတာဝါနှင့် မန်းချောင်းအပန်းဖြေဆင်စခန်းတို့ကို တစ်ပြိုင်တည်း ဖွင့်လှစ်

**မင်းဘူး ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒပူဇနီယပွဲတော်ဖွင့်ပွဲ၊ ဓာတ်လှေကားတာဝါ ဖွင့်ပွဲနှင့် ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်း ဖွင့်ပွဲများကို ဖေဖော်ဝါရီ ၅ ရက်က တစ်ပြိုင်တည်းကျင်းပကာ ဖွင့်ပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးငွေအောင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တပ်မတော်မှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း /ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

### ခြေတော်ရာဖွင့်ပွဲ

ဦးစွာ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒပူဇနီယပွဲတော်ဖွင့်ပွဲကို မင်္ဂလာမုခ်ဦးရှေ့တွင် ကျင်းပကာ နိုင်ငံတော်ဩဝါဒါစရိယ စကုမြို့ကန်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တရ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ဆရာတော်က မန်းရွှေစက်တော်ဘုရားအောက်ခြေတော်ရာ ပါဒစေတီတော် အလင်းပေါက်ဖန်အုပ်ဆောင်းတော်နှင့် အထက်စက်တော်ရာ ပါဒစေတီတော် ခြေတော်ရာသံတံခါးကို ဖွင့်လှစ်ပေး၍ ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓပါဒ စေတီတော်နှစ်ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။



မန်းရွှေစက်တော်ဘုရားကြီး ဓာတ်လှေကားတာဝါကို ဖဲကြိုးဖြတ် ဖွင့်လှစ်နေစဉ်။

### ဓာတ်လှေကားတာဝါ စတင်ဖွင့်လှစ်

ဆက်လက်၍ မန်းရွှေစက်တော်ဘုရားကြီးရှိ ဓာတ်လှေကားတာဝါနှင့် စင်္ကြံလျှောက်လမ်းဖွင့်ပွဲ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဥတ္တရနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဓာတ်လှေကား ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ကာ ပြည်ထောင်စုဝန်ကြီးက ဓာတ်လှေကားစီး၍ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မန်းရွှေစက်တော်ဘုရား ဓာတ်လှေကားတာဝါနှင့် စင်္ကြံလျှောက်လမ်းကို Phase-1 နှင့် Phase-2 ဟူ၍ တည်ဆောက်ခဲ့ကာ နှစ်ကျိပ်ရှစ်ဆူ စေတီတော်အနီးမှ ကိုးခန်းကြီးဘုရားအထိ (အလျား ပေ ၂၁၀ x အမြင့် ၁၁၉ ပေ x အကျယ် ၁၂ ပေ) ရှိသည်။ ဘုရားကြီးဘဏ္ဍာငွေမှ ခွင့်ပြုငွေ ကျပ်သိန်းပေါင်း ၁၈၀၀၀၀ ခန့်ဖြင့် ၂၀၂၁ ဇွန် ၂၉ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၂ ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ဖွင့်လှစ်ခြင်း ဖြစ်သည်။ ဓာတ်လှေကားတစ်စင်းလျှင် လူ ၂၀ နှုန်းဖြင့် စုစုပေါင်း လူ ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး ဘုရားဖူးပြည်သူများအနေဖြင့် အလွယ်တကူ တက်ရောက်ဖူးမြော်နိုင်မည်ဖြစ်သည်။ မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က) စာရင်းဝင်ဘုရားကြီးဖြစ်ပြီး မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကာလမှာ နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

### ဆင်စခန်း ပြန်လည်ဖွင့်လှစ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မင်းဘူးသစ်ထုတ်ရေးဒေသ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း ဖွင့်ပွဲနှင့် ဆင်စခန်း (၃) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်ခဲ့ပြီး ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ဆင်စခန်း၌ သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြ၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များကို မှာကြားကာ ဆင်စခန်းပြင်ဆင်ထားရှိမှုများ၊ ဆင်စာဘူဖေး ကျွေးမွေးနေမှုများနှင့် တည်းခိုဆောင်၊ နားနေဆောင်နှင့် ဆင်စီးအပန်းဖြေမည့် သဘာဝတောတောင်ရေမြေနှင့် ရှုခင်းနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

**မောင်မောင်(မင်းဘူး)**

# ပို့ကုန်မှပိုငွေ တိုးလို့ရှာဖွေ

မြင့်မောင်စိုး



မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်များ အဓိကကိုင်တွယ်လုပ်ဆောင်နေသော ရန်ကုန်မြို့ဆိပ်ကမ်း။

မကြာသေးမီရက်ပိုင်းက မြန်မာနိုင်ငံ၏ ပို့ကုန်မှပိုငွေ မြင့်တက်လာသည်ဆိုသော သတင်းတစ်ပုဒ် ဖတ်ရှုလိုက်ရပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်မှ ပိုငွေရဖို့ဆိုတာ လွယ်ကူသောကိစ္စမဟုတ်ပေ။ သွင်းကုန်ပမာဏထက် ပို့ကုန်ပမာဏများလာသည့်အတွက် မိမိတို့နိုင်ငံအတွင်း နိုင်ငံခြားငွေစီးဝင်မှု အားကောင်းလာခြင်းဖြစ်ပါသည်။ ထိုနိုင်ငံခြားငွေ စီးဝင်မှုအားကောင်းလေ စီးပွားရေးတိုးတက်မှု အားကောင်းလာလေ ဖြစ်ပါသည်။ ပို့ကုန်ပမာဏထက် သွင်းကုန်ပမာဏ များနေမည်ဆိုလျှင် မိမိနိုင်ငံမှ နိုင်ငံခြားငွေများ ပြည်ပသို့စီးဝင်သွားသည့်အတွက် ကုန်သွယ်မှုအသာစီးရမည်မဟုတ်ပါ။ ထို့ကြောင့် နိုင်ငံတိုင်းနိုင်ငံတိုင်းက ပို့ကုန်အမယ်သစ်များ ရှာဖွေကြံဆလာပြီး ဈေးကွက်အသစ်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာအောင် ကြိုးစားဆောင်ရွက်ကြရပါသည်။ ထို့ကြောင့် ပို့ကုန်ကိုမြှင့်တင်ပြီး သွင်းကုန်ကို တဖြည်းဖြည်းလျှော့ချလာကြပါသည်။ သို့ရာတွင် သွင်းကုန်အပေါ် မလိုအပ်ဘဲ အလွန်အမင်း ထိန်းချုပ်လျှော့ချသွားမည်ဆိုပါက ကုန်ပစ္စည်းပြတ်လပ်မှုကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဖြစ်လာနိုင်သည်ဆိုသောအချက်သည် သတိပြုလုပ်ဆောင်ရမည့်အချက် ဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုစာရင်းအရ ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၆ ဘီလီယံ၊ ပြည်ပသွင်းကုန် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆၉ ဘီလီယံ ဖြစ်သည့်အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၀၅ ဘီလီယံ ဖြစ်ပါသည်။ ထို့ကြောင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၆၇၇ သန်းကျော် ပိုမိုခဲ့ကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုအချိုးမှာ ၆၆:၃၄ ဖြစ်ကြောင်း သိရပါသည်။ ဤသည်ကိုထောက်ရှုလျက် ရေလမ်းကုန်သွယ်မှုသည် ကုန်းလမ်းထက်ပမာဏ ပိုမိုသည်ကို တွေ့ရသည်။

## ပြည်ပသို့ အဓိကတင်ပို့နေသော ပို့ကုန်များ

မြန်မာနိုင်ငံမှ ပြည်ပသို့ အဓိကတင်ပို့နေသော ပို့ကုန်များမှာ ရော်ဘာ၊ ပြောင်းဆန်၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ နှမ်း၊ မြေပဲဆန်၊ ဝါ၊ သကြားနှင့် ပဲယင်းတို့ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပို့ကုန်များတင်ပို့နေမှုနှင့် သတင်းများကိုလည်း ဖတ်ရှုမှတ်သားမိပါသည်။ ယင်းတို့သည်ကား မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အောက်တိုဘာလဝက်ခန့်မှ ဒီဇင်ဘာလကုန်ပိုင်းအထိ နှစ်လခွဲကျော်အတွင်း ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ခြောက်သန်းကျော် ရရှိသည်ဆိုသောသတင်း၊ မြန်မာနိုင်ငံမှ နှစ်စဉ် ဆန်ဖြူတန်ချိန်တစ်သိန်းနှင့် ပေါင်းဆန်တန်ချိန်ငါးသောင်းတို့ကို သီရိလင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း တင်ပို့မည်ဆိုသောသတင်း၊ တောင်ကြီးခရိုင် ဟဲဟိုးမြို့နယ်မှ ဟင်းသီးဟင်းရွက်များ အခြောက်ခံ၍ ဂျပန်နိုင်ငံသို့တင်ပို့လျက်ရှိသည်ဆိုသော သတင်း၊ ယခုနှစ် ကော်ဖီရာသီတွင် ပြင်ဦးလွင်အပါအဝင် မြို့နယ်များမှ ပြည်ပသို့ ကော်ဖီတန်ချိန် ၄၅၀ မှ ၅၀၀ ကြား တင်ပို့မည်ဆိုသော သတင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအထိ G to G အစီအစဉ်အရ အိန္ဒိယသို့ မတ်ပဲတန်ချိန် နှစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန်တစ်သိန်းတို့ကို တင်ပို့သည့်သတင်း၊ ဈေးကွက်ရရှိထားသော မြန်မာ့လက်ဖက်ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၁ စက်တင်ဘာလကုန်အထိ ပြည်ပသို့ လက်ဖက်တန်ချိန် ၄၈၀၀ ခန့်တင်ပို့သည်ဆိုသော သတင်းစသော ပို့ကုန်သတင်းများဖြစ်ပါသည်။ ယခုနှစ်တွင် သရက်သီးကောင်းစွာထွက်ရှိမည့်အနေအထားရှိသည့်အတွက် လူကြိုက်များသော စိန်တစ်လုံး၊ ရွှေဟင်္သာ၊ မြကျောက် စသောသရက်သီးများ ပြည်ပဈေးကွက်ချဲ့ထွင်ရေး ဆောင်ရွက်သင့်ပါသည်။ ထိုပို့ကုန်သတင်းများသည် အချို့သာ ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။ အခြားပို့ကုန်သတင်းများလည်း များစွာရှိပါသည်။

## နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ

ယခုအခါ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှု အထိုက်အလျောက်လျော့ကျသွားပြီဖြစ်သည့်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများလည်း ပြန်လည်ပွင့်လင်းလာပြီဖြစ်သည်။ ဇန်နဝါရီ ၁၇ ရက်က တရုတ်-မြန်မာ နယ်စပ်ဂိတ်ဖြစ်သည့် လွယ်ဂျယ်ကို ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း သိရသည်။ မြန်မာ-တရုတ်ကုန်သွယ်မှုတွင် ကျင်စန်းကျော့၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ထွက်သည့် ဂိတ်ငါးခုရှိပြီး ယခုအခါ ကျင်စန်းကျော့ဂိတ်တစ်ခုတည်းကိုသာ ဖွင့်လှစ်ထားကြောင်း၊ ပို့ကုန်တင်ပို့နိုင်မှုပမာဏ လွန်စွာနည်းပါးနေသေးကြောင်း၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကုန်သွယ်မှုကန့်သတ်ချက်နှင့် အခက်အခဲများစွာ ရှိနေသေးကြောင်း၊ ပိုးသတ်ရခြင်း၊ ယာဉ်ချိန်းပြောင်းရခြင်း၊ ရှန်တိန်ယာဉ်မောင်းများဖြင့်ဆောင်ရွက်ရခြင်းနှင့် ကုန်ပစ္စည်းများ ချိန်းပြောင်းရခြင်းကြောင့် ကုန်ကျစရိတ်များခြင်း၊ အချိန်ကြာမြင့်စွာစောင့်ဆိုင်းရခြင်းစသည့် ကုန်သွယ်ရေးအခက်အခဲများရှိသော်လည်း ကျော်လွှားနိုင်ရန်ဆောင်ရွက်ပြီး မြန်မာ့ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ပြည်ပသွင်းကုန်များ တင်သွင်းမှုလျှော့ချ

မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းသော သွင်းကုန်အများစုမှာ စားအုန်းဆီ၊ ဘိလပ်မြေ၊ သွားတိုက်ဆေး၊ စီးကရက်၊ စက္ကူများ၊ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဖျော်၍သုံးသည့်အမှုန့်များနှင့် နို့မှုန့်များဖြစ်ကြောင်း သိရသည်။ ယခုအခါ နိုင်ငံတော်က ရပ်နားထားသောစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် သံနှင့်သံမဏိစက်ရုံများ၊ ဘိလပ်မြေစက်ရုံများ၊ ဝါချည်မျှင်စက်များ၊ နို့ထွက်ပစ္စည်းစက်ရုံများ ပြန်လည်ထုတ်လုပ်လည်ပတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထိုစက်ရုံများ ပြန်လည် လည်ပတ်ထုတ်လုပ်နိုင်စွမ်း မြင့်မားလာသည်နှင့်အမျှ ပြည်ပသွင်းကုန်များတင်သွင်းမှု လျှော့ချလာနိုင်မည်ဖြစ်ပါသည်။ လက်ရှိ နိုင်ငံတော်အစိုးရကလည်း ပို့ကုန်မြှင့်တင်ပြီး သွင်းကုန်လျှော့ချကာ ပြည်တွင်းဖြစ် အရည်အသွေးမီ ထုတ်လုပ်သုံးစွဲရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်တင်ပို့မှုကို တစ်နှစ်ထက်တစ်နှစ် တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း သိရပေသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ပို့ကုန်တန်ဖိုး ပိုမိုတင်ပို့လာနိုင်သည့်အတွက် ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်မှုသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ နှစ်စဉ် ဆက်တိုက်လျော့ကျခဲ့ကြောင်း သိရပါသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကိုဗစ်-၁၉ ရိုက်ခတ်မှုများကြောင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇ ဘီလီယံခန့်ရှိပြီး လယ်ယာထွက်၊ ရေထွက်၊ သတ္တုတွင်းထွက်များ ပုံမှန်တင်ပို့နိုင်ခဲ့သော်လည်း စက်မှုကုန်ချော (ချုပ်ပြီးအထည်၊ သဘာဝဓာတ်ငွေ့) လျော့နည်းတင်ပို့ခဲ့ခြင်း၊ သွင်းကုန်တွင်ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ (လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းများ)တင်သွင်းမှု ယခင်နှစ်ထက် အနည်းငယ်ပိုမိုလာခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း၊ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၆၇၇ သန်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရပါသည်။

## ပို့ကုန်ဈေးကွက်သစ်များ ပိုမိုရရှိရေး

အချုပ်အားဖြင့်တင်ပြရလျှင် မြန်မာ့ကုန်သွယ်မှုသည် တဖြည်းဖြည်း ပုံမှန်လမ်းကြောင်းပေါ် ပြန်ရောက်အောင် ကြိုးပမ်းလျက်ရှိပါသည်။ သို့သော် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ နှောင့်ယှက်မှုကရှိနေဆဲဖြစ်ပါသည်။ အခက်အခဲများကြားမှ ပို့ကုန်ဈေးကွက်သစ်များ ပိုမိုရရှိရေး အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းကြရဦးမည်ဖြစ်ပါသည်။ ဆန်နှင့် ပဲအမျိုးမျိုးကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်များကို အစိုးရအချင်းချင်း(G to G) စာချုပ်စနစ်ဖြင့် တင်ပို့မှုသည် အလွန်ထိရောက်သော ပို့ကုန်မြှင့်မားရေးလုပ်ဆောင်ချက် ဖြစ်ပါသည်။ ငါး၊ ပုစွန်ကဲ့သို့သော ရေထွက်ပစ္စည်းတင်ပို့မှုသည်လည်း နိုင်ငံခြားငွေအမြောက်အမြားရရှိစေနိုင်သော လုပ်ငန်းဖြစ်ပါသည်။ သရက်သီး၊ ဖရဲသီး၊ ထောပတ်သီး စသောရာသီကုန်သီးနှံများကလည်း ပြည်ပဈေးကွက်ဝယ်လိုအား ရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ပို့ကုန်ဈေးကွက်ကို အစွမ်းကုန်မြှင့်တင်ပြီး သွင်းကုန်ကို လျှော့ချသွားမည်ဆိုလျှင် ပို့ကုန်မှ ပိုငွေသည် မြင့်တက်လာဖို့ရှိပါသည်။ ။

**ယခုအခါ နိုင်ငံတော်က ရပ်နားထားသောစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် သံနှင့်သံမဏိစက်ရုံများ၊ ဘိလပ်မြေစက်ရုံများ၊ ဝါချည်မျှင်စက်များ၊ နို့ထွက်ပစ္စည်းစက်ရုံများ ပြန်လည်ထုတ်လုပ်လည်ပတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထိုစက်ရုံများ ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်စွမ်း မြင့်မားလာသည်နှင့်အမျှ ပြည်ပသွင်းကုန်များ တင်သွင်းမှုလျှော့ချလာနိုင်မည်ဖြစ်ပါသည်။ လက်ရှိ နိုင်ငံတော်အစိုးရကလည်း ပို့ကုန်မြှင့်တင်ပြီး သွင်းကုန်လျှော့ချကာ ပြည်တွင်းဖြစ် အရည်အသွေးမီ ထုတ်လုပ်သုံးစွဲရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နေ စန္ဒာဝင်း (ခ) မမုန်းသည် ၎င်းအသုံးပြုသည့် "Mone Pyay" Facebook အကောင့်၊ ရွှေတောင်မြို့နေ မြခွာညိုဦးသည် ၎င်းအသုံးပြုသည့် "Mya Khwar Nyo Oo" Facebook အကောင့်၊ ကဝမြို့နေ ထင်လင်းထက်သည် ၎င်းအသုံးပြုသည့် "Moe Thway Nyo" Facebook အကောင့်၊ ပေါင်းတည်မြို့နေ လွင်မာဦးသည် ၎င်းအသုံးပြုသည့် "ပန်းလေးချစ်သူ" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နေ ဇေယျာမျိုးသည် ၎င်းအသုံးပြုသည့် "Zayar Myo" Facebook အကောင့်၊ မဟာအောင်မြေမြို့နယ်နေသူများဖြစ်သည့် ဖြူအေးပွင့်၊ သူရအောင်နှင့် ဆန်းဝင်းတို့သည် ၎င်းတို့ အသုံးပြုသည့် "Phyu Aye Pwint"၊ "Thura Aung" နှင့် "U San Win" Facebook အကောင့်များ၊ ရမည်းသင်းမြို့နေ ဆွေဇင်လတ်သည် ၎င်းအသုံးပြုသည့် "Htet Nge Nge (ထက်ငယ်)" Facebook အကောင့်၊ အောင်မြေသာစံမြို့နယ်နေ ဇော်လှိုင်သည် ၎င်းအသုံးပြုသည့် "Zaw Hlaing" Facebook အကောင့်၊ မြင်းခြံမြို့နေ မြင့်မြင့်အေးသည် ၎င်းအသုံးပြုသည့် "မြင့်မြင့်အေး" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ အကောင့်ပိုင်ရှင့် (စိစစ်ဆဲ) အသုံးပြုသည့် "Swe Zin New" Facebook အကောင့်၊ ကမာရွတ်မြို့နယ်နေ ဝဏ္ဏစိုး အသုံးပြုသည့် "Wunna Soe (Edo Vater)" Facebook အကောင့်၊ သာကေတမြို့နယ်နေသူများဖြစ်သည့် သွယ့်ရည်ဝင်းနှင့် သိမ်းသိမ်းတို့ ၂ ဦးသည် ၎င်းတို့အသုံးပြုသည့် "Thwet Ye Wynn" နှင့် "Thein Thein" Facebook အကောင့်များနှင့် ခရမ်းမြို့၊ (၁၁)ရပ်ကွက်၊ အမှတ်(၂၃၇)နေ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အဟောင်းဖြစ်သည့် လှတိုး (၅၁)နှစ်သည် ၎င်းအသုံးပြုသည့် "လှတိုး" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



## ကယားပြည်နယ်အတွင်း အကြမ်းဖက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ခေတ္တတိမ်းရှောင်နေကြသည့်ပြည်သူများ စားရေးအဆင်ပြေစေရန် ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကယားပြည်နယ်အတွင်း အကြမ်းဖက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် လွိုင်ကော်မြို့ပေါ်ရှိ ဥတ္တရာံဘုန်းတော်ကြီးကျောင်း၊ ဓမ္မဂုဏ်ရည်(မြကလပ်) ကျောင်းနှင့် မစိုးရိမ်ဘုန်းတော်ကြီးကျောင်းတို့တွင် ခေတ္တတိမ်းရှောင်နေကြသည့် ပြည်သူများနှင့် လွိုင်ကော်မြို့ပေါ် ရပ်ကွက်များရှိ ပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် ယနေ့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုလျှင် ဆန် နှစ်ပြည်နှင့် စားသောက်ဖွယ်ရာများကို ပြည်သူများလက်ဝယ်သို့ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့် ကြည့်ရမည့်သူများအား တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးယောက်ထိုးနိုင်သော Sputnik Light ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေသို့ ကာကွယ်ဆေး ၄၈၀၀ နှင့် ဆေးထိုးအပ် အချောင်း ၅၄၀၀၀ တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးခဲ့ပြီး တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့်နည်းလမ်းများ

အိပ်ခန်း၊ သန့်စင်ခန်းနှင့် ရေချိုးခန်းတို့တွင် လူမရှိပါက လျှပ်စစ်မီးများ ပိတ်ကာ ချွေတာသင့်ပါသည်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပမည့် နေပြည်တော်နှင့် မြန်မာနိုင်ငံအဝန်း၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မြန်မာနိုင်ငံအဝန်း၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများအဖြစ် နေပြည်တော်ရှိ လူစည်ကားရာလမ်းဆုံများတွင် ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ပြည်ထောင်စုအလံတော် သယ်ဆောင်လာမည့် ရာဇသင်္ဂဟလမ်းတစ်လျှောက်တွင် မြန်မာနိုင်ငံတော် အလံနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အလံများ စိုက်ထူထားခြင်းနှင့် ယင်းလမ်းတစ်လျှောက်ရှိ အဝိုင်းများတွင် လျှပ်စစ်မီးရောင်စုံများ ထွန်းညှိထားကာ တိုင်းရင်းသားရုပ်ပုံကားချပ်များဖြင့် အလှဆင်ထားရှိမှုများဖြင့် အလှဆင်ထားရှိသည်။**(အောက်ဝဲပုံ)**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမတွင် မီးအလှထွန်းညှိထားခြင်းနှင့် မြို့တော်ခန်းမရှေ့တွင် "(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ"ပါ ဂုဏ်ပြုဆိုင်းဘုတ်စိုက်ထူထားခြင်း၊ မဟာဗန္ဓုလပန်းခြံအတွင်း ရောင်စုံမီးအလှများ ထွန်းညှိပြင်ဆင်ထားခြင်း**(အောက်ယာပုံ)**၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ဥယျာဉ်၌ ရောင်စုံမီးအလှများထွန်းညှိ ပြင်ဆင်ထားခြင်းနှင့် အလံများ ဂုဏ်ပြုစိုက်ထူထားခြင်းနှင့် "(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုပါသည်" စာတန်းပါဘုတ်များဖြင့် ဂုဏ်ပြုစိုက်ထူထားခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒဂုံမြို့နယ်ရှိ ဦးဝိစာရအဝိုင်း၊ ဗဟန်းမြို့နယ်ရှိ ဦးထောင်ဘိုအဝိုင်းနှင့် စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီအဝိုင်းတို့တွင်လည်း မီးအလှများ ထွန်းညှိထားခြင်းနှင့် အလံများ ဂုဏ်ပြုစိုက်ထူထားခြင်းများဖြင့် ကြိုတင်ပြင်ဆင် ဆောက်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မန္တလေးမြို့အပါအဝင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်လည်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသည့်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်၊ ရန်ကင်း**





# နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာရိုးရာလှေအဖွဲ့ လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

မြန်မာရိုးရာလှေအဖွဲ့သည် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ယခုနှစ် မေလတွင် ပြန်လည်ကျင်းပမည့် ၃၁ ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲ မပါဝင်သဖြင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လှေနှင့် ကနူး/ကယက်ပြိုင်ပွဲ အမျိုးအစားများအတွက်သာ ပြင်ဆင်လျက်ရှိသော်လည်း ရိုးရာလှေအားကစားသမားများကိုမူ နိုင်ငံတကာပြိုင်ပွဲများအတွက် အချိန်ယူ ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သည် ရိုးရာလှေအားကစားသမားများကို ၂၀၂၁ ခုနှစ် ဧပြီလကတည်းက လေ့ကျင့်စေခြင်းဖြစ်ပြီး ၂၀၂၂ အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၃ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့သည် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၅ ဦး ရွေးချယ်ကာ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ယခုလဆန်းပိုင်းက ကျင်းပပြီးစီးသွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေပြိုင်ပွဲမှ အလားအလာရှိသူများကိုလည်း ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်ထားသည်။ ယင်းပြိုင်ပွဲမှ အလားအလာရှိသည့် ကစားသမား ၄၀ ကျော် ရွေးချယ်ထားပြီး ယခင်ရွေးချယ်ထားသည့် လက်ရွေးစင်ကစားသမား ၃၀ ကျော်နှင့် ပေါင်းစပ်ကာ ဆက်လက်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာရိုးရာလှေအဖွဲ့သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ရခြင်းမရှိတော့ဘဲ လာမည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ရိုးရာလှေမပါဝင်သဖြင့် အာရှအားကစားပြိုင်ပွဲမှသာ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့သည် အာရှအားကစားပြိုင်ပွဲမတိုင်မီ အခြားနိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများရှိပါက ကိုဗစ်-၁၉ ကပ်ရောဂါအပေါ် မူတည်၍ ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။ ၂၀၂၂ အာရှအားကစားပြိုင်ပွဲကို ယခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၂၅ ရက်အထိ တရုတ်နိုင်ငံ ဟန်ကျိုးမြို့၊ ၂၀၂၃ ခုနှစ် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ယခုနှစ်အတွင်း MMA ပြိုင်ပွဲ ၂၄ ခုကျင်းပရန် ONE Championship စီစဉ်ထား

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ဘက်စုံကိုယ်ခံပညာသုံး MMA ပြိုင်ပွဲများ စီစဉ်ကျင်းပနေသည့် ONE Championship အဖွဲ့အစည်းသည် ယခုနှစ်အတွင်း ပြိုင်ပွဲ ၂၄ ခုကျင်းပရန် စီစဉ်ထားသည်။

အာရှနိုင်ငံများတွင် MMA ပြိုင်ပွဲများကျင်းပနေသည့် ONE Championship အဖွဲ့အစည်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခင်ကဲ့သို့ နိုင်ငံအများစုတွင် ကျင်းပနိုင်ခြင်းမရှိသော်လည်း စင်ကာပူနိုင်ငံတွင် ပြိုင်ပွဲများပြုလုပ်ကာ နိုင်ငံအနှံ့အပြားတွင် ကြည့်ရှုနိုင်ရန် ရုပ်သံမှ ထုတ်လွှင့်ပြသလျက်ရှိသည်။ ONE Cham-pionship အဖွဲ့အစည်းသည် ယခုနှစ်တွင် တစ်လလျှင် နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီတွင် နှစ်ပွဲ ကျင်းပထားပြီးဖြစ်ကာ ဖေဖော်ဝါရီတွင် ၁၁ ရက်နှင့် ၂၅ ရက်၌ ပြိုင်ပွဲများ ထပ်မံကျင်းပမည်ဖြစ်သည်။ ယခုလအတွင်းကျင်းပမည့် ပြိုင်ပွဲများတွင် မြန်မာကစားသမားများ၏ တွဲဆိုင်းများပါဝင်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ ရက်ပြုလုပ်မည့်ပြိုင်ပွဲတွင် ထီရယ်လ်ထန်၊ ဖေဖော်ဝါရီ ၂၅ ရက် ပြုလုပ်မည့်ပြိုင်ပွဲတွင် အောင်လအန်ဆန်တို့၏ ပွဲစဉ်များပါဝင်မည်ဖြစ်သည်။ ထီရယ်လ်ထန်သည် ဘင်တန်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် အင်ဒိုနီးရှားနိုင်ငံသား ဆူနိုတို၊ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရ်တို့နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# အာဖရိကနိုင်ငံများဖလား တတိယနေရာလုပွဲ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ကင်မရွန်းအနိုင်ရ

အာဖရိကနိုင်ငံများ ဖလား တတိယနေရာလုပွဲအဖြစ် ဆီမီးဖိုင်နယ်တွင် ဆီနီဂေါအသင်းကို ရှုံးနိမ့်ခဲ့သည့် ဘာကီနာဖာဆို အသင်းနှင့် အီဂျစ်အသင်းကို ရှုံးနိမ့်ခဲ့သည့် အိမ်ရှင်ကင်မရွန်း အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ကင်မရွန်းအသင်းက ပယ်နယ်တီ အဆုံးအဖြတ်တွင် ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး တတိယ နေရာရယူခဲ့သည်။

ယခုပွဲစဉ်တွင် ဘာကီနာဖာဆို အသင်းသည် ကင်မရွန်းအသင်းကို မိနစ် ၇၀ နီးပါး သုံးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရကာ ပွဲအပြီးတွင် တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့သည်။ ထို့ကြောင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရပြီး အချိန်ပိုတွင်လည်း တစ်ဖက်နှင့်တစ်ဖက် အနိုင်အရှုံး အဖြေမပေါ်သည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရခြင်း ဖြစ်သည်။

ပယ်နယ်တီတွင် ကင်မရွန်းအသင်းမှ ကစားသမားအားလုံး ဂိုးဝင်အောင် သွင်းယူနိုင်ခဲ့သော်လည်း ဘာကီနာဖာဆိုအသင်းမှ ဘလာတီတိုရေး ဂိုးဝင်အောင် သွင်းယူနိုင်ခြင်း မရှိသည့်အတွက် ကင်မရွန်းအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် ကင်မရွန်းအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သော အဘူဘက်ကာသည် ခုနစ်ပွဲတွင် ရှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် အဘူဘက်ကာသည် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ ဂိုးအများဆုံး သွင်းယူထားသူစာရင်းတွင် ရှစ်ဂိုးဖြင့် ဦးဆောင်ထားပြီး ၎င်းနောက်တွင် အသင်းဖော် အီကမ်ဘီက ငါးဂိုးဖြင့် ဒုတိယ၊ ဆီနီဂေါအသင်းမှ မာနေးက သုံးဂိုးဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။

**အောင်ဇော်**



ကင်မရွန်းအသင်း တတိယဆုလက်ခံရယူပြီးနောက် အောင်ပွဲခံနေစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၆

**တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၊ တာဝန်ကျအကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံမှ တင်သွင်းသည့် ကုန်သေတ္တာ နှစ်လုံး၌ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁,၄၀၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။**




အလားတူ မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်တွင် ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၆၃၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော တာဝန်ကျလှည့်ကင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေပူကျေးရွာအနီးတွင် (လိုင်စင်မဲ့) မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၀၀၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ယနေ့တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း ယာဉ်ငယ်စစ်ဆေးရေးဂိတ်မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင်တင်ဆောင်လာသော တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ထပ်မံ၍ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ (၄၃ ဒသမ၂၀၂၄) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈,၅၇၉,၈၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁,၁၆၁,၈၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## သာစည်မြို့နယ်တွင် ငွေကျပ် ၁၅ ဒသမ ၃၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**



သာစည်မြို့နယ်တွင် ငွေကျပ် ၁၅ ဒသမ ၃၅ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၁ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် တောင်ကြီး-သာစည် သွားကားလမ်း၊ ကျွဲတပ်ဆုံ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် တောင်ကြီးမှ သာစည်ဘက်သို့ သီဟအောင် (၂၉ နှစ်) မောင်းနှင်ပြီး ခွန်တဘောက် (၂၁ နှစ်) လိုက်ပါလာသည့် MITSUBISHI FUSO ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလ တန်ဖိုးငွေကျပ် ၁၅ ဒသမ ၃၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂ ဒသမ ၃၇၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီခွဲက ပူးပေါင်းအဖွဲ့မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၁၅/၆) အနီးတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မနီလာဦး (၂၄ နှစ်) ကို IPSUM မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (တောင်ပိုင်း) မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့သုံးဦးကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မာန်အောင်မြို့နယ်၌ ဟိုတယ်ဝန်ထမ်းတစ်ဦး ပျောက်ဆုံးရာမှ ရေလှောင်ဆည်ထဲတွင် သေဆုံးလျက်တွေ့ရှိ

**မာန်အောင် ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ ဟိုတယ်ဝန်ထမ်းတစ်ဦး ပျောက်ဆုံးရာမှ ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရေလှောင်ဆည်၌ သေဆုံးလျက်တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မာန်အောင်မြို့နယ် ဆားချက်နယ်မြေစခန်းမှူး ရဲအုပ်နေလင်းထွန်းမှာ တာဝန်ထမ်းဆောင်နေစဉ် ကအီးကျေးရွာနေသူ ဦးနေမင်းလှိုင် (၄၂) နှစ်မှ မာန်အောင်ဟိုတယ်အနီးရှိ ရေလှောင်ဆည်ထဲတွင် လူသေအလောင်း တစ်လောင်းတွေ့ရှိကြောင်း သတင်းပေးပို့သဖြင့် ရဲအုပ်နေလင်းထွန်းနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဖေဖော်ဝါရီ ၄ ရက်က လူပျောက်အမှတ်စဉ် (၁/၂၂) ဖြင့် အမှုရေးဖွင့်ထားသည့် မင်းထက်ဝေ (၂၂ နှစ်) မာန်အောင်ဟိုတယ်ဝန်ထမ်း၊ ကအီးကျေးရွာနေသူဖြစ်ပြီး ကမ်းစပ်နှင့် ၁၅ ပေခန့်အကွာ ရေထဲတွင် ပက်လက်အနေအထားဖြင့် တွေ့ရှိရ၍ အလောင်းအားကြည့်ရှုစစ်ဆေးရာ မျက်လုံးနှစ်ဖက် ဖူးရောင်ဒဏ်ရာ၊ ယာဘက်လည်ပင်းတွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်ဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသည်။

အဆိုပါ မင်းထက်ဝေ သေဆုံးမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်နိုင်ရန် ဆားချက်နယ်မြေစခန်းက အမှုရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**

## မိုးညှင်း၊ လှိုင်သာယာ (အနောက်ပိုင်း)၊ တာမွေနှင့် ပြည်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် မိုးညှင်းမြို့နယ် လုံးတုံကျေးရွာအုပ်စု လုံးတုံကျေးရွာအနီးတွင် မသန်းသန်းနွယ် (ခ) မနွယ်ကို မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၉၉ ကီလို ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ် (၉) ရပ်ကွက် ဘားအံလမ်းတွင် ဇော်ကိုကိုလတ် (ခ) ဇော်ကိုနှင့် ဇော်ဇော်ထက် တို့ နှစ်ဦးကို မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေ ရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂,၁၄၅ ပြားကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စက်မှု (၁) လမ်းတွင် ဟွန်ဒါဖစ်အမျိုးအစားမော်တော်ယာဉ်မှာ မသင်္ကာဖွယ် ရပ်တန့်ထားသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁,၉၀၀ ကိုလည်း ကောင်း၊ အလားတူ ဖေဖော်ဝါရီ ၄ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်မြို့ ခေတ္တရာမြို့သစ်ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် မြို့သစ် (၈) လမ်းဆုံတွင် ရဲဝင်းနိုင် (ခ) ဝေယံဦး (ခ) ကောင်းကောင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီတွင် ရွှေတံခါးရပ်ကွက်တွင် မဇင်မာလွင်ကို စိတ်ကြွရူးသွပ်ဆေးပြား ၁,၆၀၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မန်ကန်မြို့၌ မိုးသည်းထန်ပြီး မိုးသီးများကြွေကျ လူနေအိမ်အချို့ ထိခိုက်ပျက်စီး

**မန်ကန် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မက်မန်းခရိုင် မန်ကန်မြို့၌ ယမန်နေ့ ည ၁၁ နာရီက မိုးသည်းထန်မှုနှင့်အတူ မိုးသီးများကြွေကျ၍ လူနေအိမ်အချို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိကြောင်း သိရသည်။

အဆိုပါ မိုးသီးများကြွေကျမှုတွင် မန်ကန်မြို့ရှိ လူနေအိမ်အချို့ ပျက်စီး ခြင်း၊ စိုက်ခင်းများပျက်စီးခြင်းနှင့် မြို့ဦးဘုန်းတော်ကြီးကျောင်း၏ မီးဖိုချောင် ခေါင်မိုးပေါက်ပြဲခြင်းများဖြစ်ကာ မန်ပန်ရွာတွင် သွပ်မိုးဝါးညှပ်နေအိမ် နှစ်လုံး၊ သက်ငယ်အိမ် တစ်လုံးနှင့် မိုးကာမိုးထားသော ဈေးဆိုင်တစ်လုံး စုစုပေါင်း လူနေအိမ် လေးလုံး ခေါင်မိုးပေါက်ပြဲပျက်စီးခဲ့သည်။

ထိုသဘာဝဘေးအန္တရာယ်တွင် ရွာသူရွာသားများ အချင်းချင်း ကူညီမှုဖြင့် ပျက်စီးသောအိမ်များကို ဝိုင်းဝန်းကာ ပြန်လည်ပြုပြင်ခဲ့ကြပြီး (၂၀၂၂) ခုနှစ်၏ ပထမဆုံးအကြိမ် ပျက်စီးဆုံးရှုံးမှု ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

**မန်ကန်(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၃၁ ဆူ | ၁၅၆ ဆူ | ၅၇၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)နှင့် Expansion Joint | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## မိဘအမည်မှန်

မိုးကောက်မြို့ အထက မိုးကောက်ကျောင်း ပဥ္စမတန်းတွင် ပညာသင်ကြားနေသော မရှမ်းဆိုင်းဆန့်၏ မိဘအမည်မှန်မှာ ဦးဆန်းလီ ၁/မမန(နိုင်)၀၄၇၄၀၆ နှင့် ဒေါ်ခေါင်နော ၁၃/သနန(နိုင်)၀၄၄၂၈၈ ဖြစ်ပါသည်။

**ဦးဆန်းလီ-ဒေါ်ခေါင်နော**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၄)၊ တတိယတန်း(ခ) မှ စိုင်းစံပွင့် (ကဝ-၄၁၄၉)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်မူရင်းများအရ ဦးအိုက်ဆန်ညွန့်(ခ)ဦးစိုင်းစံညွန့် ၁၃/လရန(နိုင်)၀၄၃၆၅၅ ဖြစ်ပါသည်။

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့၊ မူလွန် အမက(၁)၊ Grade-2 မှ မနန်းခွန်းဆက်ရွှေ၏ အမည်မှန်မှာ မနန်းခွန်းဆက်ခြေဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၁၃-၉-၂၀၁၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါရပ်ကွက်နေ ဦးစန်းရွှေ၏ သမီး မစုမွန်ကျော်နှင့် မဆုမွန် ကျော် ၅/ဖပန(နိုင်)၀၈၂၇၃၁ မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/38551 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးတေဇာ လင်း ၇/သနပ(နိုင်)၁၁၇၄၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/9669 Honda Click 125ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထက် ၇/ပခန(နိုင်)၄၂၁၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/10749 Honda Wave Alpha 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းဝေ ၁၂/ဒဂတ(နိုင်)၀၈၀၇၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7A/5599 ယာဉ်လက် ဝယ်ရှိသူ ဦးဇော်ဝင်း ၇/သနပ(နိုင်) ၀၉၁၈၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/71964 Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းဝေဇင် ၇/ဝမန(နိုင်)၁၄၇၃၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1503 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် N/8729 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၁၉ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ်- ၅၀၇

ဒေါ်ထွေးထွေး(၎င်း၏အထွေထွေကိုယ်စား နှင့် ဦးတင်နိုင်လင်း ပါ ၄ လုပ်စာရသူ ဦးခင်မောင်ဆွေ)

**တရားလို** **တရားပြိုင်များ**

လျှောက်ထားခံရသူများ/ တရားပြိုင်များ ၃။ ဦးမောင်မောင်မြင့် ၄။ ဒေါ်အမာတင်(ခ) ဒေါ်အမာ(အတူနေလင်မယား) အကွက်(၄၇၅)၊ တမ္ပဝတီပန်းတည်းရပ်၊ အမရပူရမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ထွေးထွေးက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၇၅၄/ ၂၀၁၈ ၏ (၁၃-၉-၂၀၁၉) ရက်စွဲပါ အမိန့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၂ ခုနှစ် မတ် ၃ ရက် မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၁၉ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ်- ၃၆၆

ဒေါ်ထွေးထွေး(၎င်း၏အထွေထွေကိုယ်စား နှင့် ဦးတင်နိုင်လင်း ပါ ၄ လုပ်စာရသူ ဦးခင်မောင်ဆွေ)

**တရားလို** **တရားပြိုင်များ**

လျှောက်ထားခံရသူများ/ တရားပြိုင်များ ၃။ ဦးမောင်မောင်မြင့် ၄။ ဒေါ်အမာတင်(ခ)ဒေါ်အမာ(အတူနေလင်မယား) အကွက်(၄၇၅)၊ တမ္ပဝတီပန်းတည်းရပ်၊ အမရပူရမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ထွေးထွေးက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၇၅၄/ ၂၀၁၈ ၏ (၃၀-၇-၂၀၁၉) ရက်စွဲပါ အမိန့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၂ ခုနှစ် မတ် ၃ ရက် မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-I)၊ လူနေ ရပ်ကွက်အမှတ်(မေတ္တာညွန့်)၊ မြေကွက်အမှတ် (၂၁၃)၊ အကျယ်အဝန်း (၃၃ပေ x ၁၀၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၇)၊ စက်မှု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော RC(၃ထပ်) နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်အောင် ခိုင် ၁၂/ရကန(နိုင်)၀၁၅၂၄၅ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေ ထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဘူမောင် (LL.B) (စဉ်-၂၂၇၄၇)** | **ဒေါ်ရွှေစင်ဝင်း (LL.B) (စဉ်-၁၆၇၀၅)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် (၄၈၉)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) ရှိ နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေx ၆၀ ပေ)ရှိမြေကွက် (ခြံရှေ့မျက်နှာမူလျှင်-ဝဲဘက်) အရပ်အခေါ် အမှတ်(၄၈၉)၊ အင်းဝ(၅)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြ သော ဒေါ်ဒေါင်း ၁၂/ဥကတ(နိုင်)၁၁၆၀၁၆ နှင့် ဒေါ်မင်းသီ ၁၂/ဥကတ(နိုင်)၀၅၂၉၄၇ တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဘူမောင် (LL.B) (စဉ်-၂၂၇၄၇)** | **ဒေါ်ရွှေစင်ဝင်း (LL.B) (စဉ်-၁၆၇၀၅)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ နှောကန်ကျေးရွာတွင် ဦးရဲထွဋ်သည် ရောင်ခြည်သစ် အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ် မည်ဖြစ်ပြီး အဆိုပါအမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် အမည် တင်သွင်းသွားမည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း ကန့်ကွက် နိုင်ပါသည်။

**ဦးရဲထွဋ် ၉/မကန(နိုင်)၀၈၁၀၈၆ ဖုန်း-၀၉-၄၂၈၈၂၂၂၇**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ရှေးဟောင်းလက်ရာ တီကျူးမား(Tejoomal)
## အဆောက်အအုံအား ရှေးမူမပျက်
## ပြန်လည်မွမ်းမံခြင်းစီမံကိန်း
## Swiss Challenge တင်ဒါအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲ လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ အမှတ်(၁၃၈-၁၅၆)၊ တီကျူးမားအဆောက်အအုံ (Tejoomal Building)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရှေးဟောင်းမြို့ပြ အမွေအနှစ်(Urban Heritage)အဖြစ် သတ်မှတ်ထားသော အဆောက်အအုံတစ်ခုဖြစ်ပါသည်။

၂။ အဆိုပါအဆောက်အအုံအား စံချိန်စံညွှန်းသတ်မှတ်ချက်၊ ရှေးဟောင်းအဆောက် အအုံ ပြင်ဆင်ထိန်းသိမ်းရေး နည်းစနစ်များနှင့်အညီ အကြီးစားပြန်လည်ပြုပြင်ပြီး ပြင်ဆင်၊ လုပ်ကိုင်၊ လွှဲပြောင်း Maintain-Operate-Transfer(MOT)ဖြင့် ဆောင်ရွက် လိုကြောင်း Unsolidted Proposal တင်ပြလာမှုအပေါ်(Swiss Challenge)ဆောင် ရွက်ရန် စိတ်ပါဝင်စားသော လူပုဂ္ဂိုလ်/ကုမ္ပဏီ/အစုအဖွဲ့များအား စိတ်ဝင်စားမှု အဆိုပြုလွှာ Expression of Interest (EOI)ဖိတ်ခေါ်ခဲ့ရာ အောက်ပါကုမ္ပဏီများမှ စိတ်ဝင်စားကြောင်း တင်သွင်းလာခဲ့ပါသည်-

| စဉ် | တင်သွင်းလာသည့်ကုမ္ပဏီ/အဖွဲ့အစည်း/ပုဂ္ဂိုလ်အမည် |
|---|---|
| က။ | MIEG ကုမ္ပဏီလီမိတက် |
| ခ။ | Seven Aluminium ကုမ္ပဏီလီမိတက် |

၃။ ယခုစိတ်ပါဝင်စားကြောင်း တင်သွင်းလာသော ကုမ္ပဏီ(၂)ခုအား မူလအဆိုပြု သူနှင့်ယှဉ်ပြိုင်ရန် Swiss Challenge တင်ဒါ ဆက်လက်ခေါ်ယူသွားမည်ဖြစ်ပါသည်။

၄။ အပိုဒ်(၂)ပါ ကုမ္ပဏီများအနေဖြင့် Swiss Challenge တင်ဒါအဆိုပြုလွှာ တင်သွင်းရန် စည်းမျဉ်းစည်းကမ်းများနှင့် လျှောက်လွှာပုံစံများအား ၇-၂-၂၀၂၂ ရက်မှစ၍ အပိုဒ်(၆)ပါ လိပ်စာတွင် ရုံးချိန်အတွင်း တင်ဒါလျှောက်လွှာတစ်စုံလျှင် ကျပ် ၁၅,၀၀၀ ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါလျှောက်လွှာများအား သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး လျှောက်လွှာတန်ဖိုးအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

၅။ အိတ်ပိတ်ထားသည့် Swiss Challenge တင်ဒါအဆိုပြုလွှာများအား အပိုဒ်(၆)ပါ လိပ်စာသို့ ၂၅-၃-၂၀၂၂ ရက် ၁၅:၀၀ နာရီမတိုင်မီ ပေးပို့ရပါမည်။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာ၊ ဖုန်းနံပါတ် များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်-

**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး**
**အမှတ်(၂၂၈/၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၀၆၆၅၆၉**

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ၂၀၂၂ ခုနှစ် ASEAN-OSHNET Awards များ
## ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ခြင်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ဆောင်ရွက်ချက်များအား အသိအမှတ်ပြုရန်နှင့် ပိုမိုဆောင်ရွက်လာစေရေး တွန်းအားပေးရန်ရည်ရွယ်ချက်ဖြင့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် ကျန်းမာရေးကွန်ရက်အဖွဲ့ (ASEAN-OSHNET)သည် ASEAN-OSHNET Excellence Award နှင့် Best Practices Award ဆုများကို ရွေးချယ်၍ ၂၀၁၆ ခုနှစ်မှစ၍ နှစ်နှစ်လျှင် တစ်ကြိမ်ချီးမြှင့်ပေးအပ်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ASEAN-OSHNET Excellence Award ဆုကို ၂၀၁၆ ခုနှစ်အတွက် FAME ဆေးဝါးစက်ရုံ၊ ၂၀၁၈ ခုနှစ်အတွက် United Paint Group Co.,Ltd နှင့် ၂၀၂၀ ပြည့်နှစ်အတွက် RVK Meditech Co.,Ltd ဆေးဝါးစက်ရုံတို့မှလည်းကောင်း၊ ASEAN-OSHNET Best Practices Award ဆုကို ၂၀၁၆ ခုနှစ်အတွက် Proven Technology Industry (TOYO Battery)စက်ရုံ၊ ၂၀၁၈ ခုနှစ်အတွက် Myanmar Unilever Co.,Ltd နှင့် ၂၀၂၀ ပြည့်နှစ်အတွက် Jotun Myanmar အိမ်သုတ်ဆေးစက်ရုံတို့မှလည်း ကောင်းရယူနိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆောင်ရွက်နိုင်မှုကို အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းပုံရိပ်အဖြစ် ပြသနိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထ အကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပေးအပ်ချီးမြှင့်မည့် ASEAN-OSHNET Award ဆုများရယူနိုင်ရန်နှင့် မြန်မာနိုင်ငံ၏လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ အာဆီယံဒေသတွင်းအဆင့် ယှဉ်ပြိုင်နိုင်စွမ်းပုံရိပ်ကို ဆက် လက်ပြသနိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများမှ လုပ်ငန်းရှင်များ အနေဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

ပါဝင်ယှဉ်ပြိုင်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံ၊ လျှောက်ထားမှုလမ်းညွှန်နှင့် လုပ်ငန်းအဆင့်တို့ကို အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ တွင် ၂၁-၂-၂၀၂၂ ရက် နောက်ဆုံးထား၍ ဆက်သွယ်ရယူနိုင်ကြောင်းနှင့် ဆုရွေးချယ် ရေး ကိစ္စနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ရုံးချုပ်၊ နေပြည်တော် ဖုန်း-၀၆၇- ၃၄၃၀၄၈၂၊ ၀၆၇-၃၄၃၀၃၉၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါ သည်။

**အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်**
**ကျန်းမာရေးကွန်ရက်ဆု ဆုရွေးချယ်ရေးကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ရွှေလှိုင်းကျေးရွာတွင် ဒေါ်ဝါဝါငွေးသည် Happy Life အမည်ဖြင့် သောက်ရေသန့်ထုတ် လုပ်မည်ဖြစ်ပြီး အဆိုပါအမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် အမည်တင်သွင်းသွားမည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါ သည်။ ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ဝါဝါငွေး ၉/ညဥန(နိုင်)၁၈၄၉၁၇ ဖုန်း-၀၉-၂၆၅၇၂၅၁၈၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## အလုပ်သင် ဒုတိယအကောက်ခွန်မှူးရာထူး
## ဖြေဆိုခွင့်ရရှိသူများ၏စာရင်းထုတ်ပြန်ခြင်း
## ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်
## (၁၃၈၃ ခုနှစ် တပို့တွဲလဆန်း ၇ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ် လျက်ရှိသော အလုပ်သင်ဒုတိယအကောက်ခွန်မှူး (လစာနှုန်းကျပ် ၁၉၈,၀၀၀- ၂၀၀၀-၂၀၈,၀၀၀) ရာထူး(၆၅)နေရာအတွက် လျှောက်လွှာများခေါ်ယူခဲ့ပြီးဖြစ်ရာ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ လျှောက်လွှာအမှတ်စဉ်များအား အောက်ပါ အတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

| စဉ် | လျှောက်ထားသည့်နေရာ | လျှောက်လွှာအမှတ်စဉ် | |
|---|---|---|---|
| | | မှ | ထိ |
| (က) | ရန်ကုန်(ရုံးချုပ်) | ရက-၁ | ရက-၄၈၆ |
| (ခ) | နေပြည်တော် | တနပ-၁ | တနပ-၃၀ |
| (ဂ) | မန္တလေး | မလ-၁ | မလ-၄၀ |
| | | မလ-၄၂ | မလ-၆၄ |
| (ဃ) | မုံရွာ | မရ-၁ | မရ-၁၁ |
| (င) | ဟားခါး | ဟခ-၁ | - |
| (စ) | မော်လမြိုင် | မမ-၁ | မမ-၁၈ |
| (ဆ) | မောင်တော | မတ-၁ | - |
| (ဇ) | စစ်တွေ | စတ-၁ | စတ-၁၇ |
| (ဈ) | ကျောက်ဖြူ | ကဖ-၁ | ကဖ-၆ |
| (ည) | မကွေး | မကမ-၁ | မကမ-၁၅ |
| | | မကမ-၁၇ | မကမ-၂၂ |
| (ဋ) | မြဝတီ | မဝတ-၁ | မဝတ-၂ |
| (ဌ) | ဘားအံ | ဘအ-၁ | ဘအ-၁၁ |
| (ဍ) | တောင်ကြီး | တက-၁ | တက-၁၉ |
| (ဎ) | ကျိုင်းတုံ | ကတ-၁ | - |
| (ဏ) | ကော့သောင်း | ကသ-၁ | ကသ-၂ |
| (တ) | မြိတ် | မ-၁ | - |
| (ထ) | ထားဝယ် | ထဝ-၁ | ထဝ-၃ |
| (ဒ) | လားရှိုး | လရ-၁ | လရ-၁၅ |
| (ဓ) | တမူး | တမ-၁ | တမ-၄ |
| (န) | မူဆယ် | မစ-၁ | - |
| (ပ) | ပုသိမ် | ပသ-၁ | ပသ-၁၇ |
| (ဖ) | မြစ်ကြီးနား | မက-၁ | မက-၇ |
| (ဗ) | ပဲခူး | ပခ-၁ | ပခ-၁၄ |

၂။ ရေးဖြေစာမေးပွဲအား အမှတ်(၆)၊ အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၌ အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး လာရောက်ဖြေဆိုချိန်တွင် ဌာနမှ ထုတ်ပေးထားသော လျှောက်လွှာအမှတ်စဉ် လက်ခံ စာရွက်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ယူဆောင်လာရမည်ဖြစ်သည်-

| စဉ် | ဘာသာရပ် | နေ့ရက်/အချိန် |
|---|---|---|
| (က) | အင်္ဂလိပ်စာ | ၁၃-၂-၂၀၂၂ ရက်(၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ) |
| (ခ) | အထွေထွေဗဟုသုတ | ၁၃-၂-၂၀၂၂ ရက်(၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ) |

၃။ ရေးဖြေအောင်မြင်သူများစာရင်းကို ၂၃-၂-၂၀၂၂ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm, Facebook Page(MACCS)တို့တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**

## အမည်ပြောင်း

လားရှိုးမြို့၊ မန်အိုင်၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ အဋ္ဌမတန်း(က)မှ မောင်ညီညီအံ့ဘုန်းခေါ်အား မောင်မင်းကောင်း ခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ အကွက်အမှတ်(အောင်စေတနာတိုးချဲ့)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ ၀ ဒသမ ၁၀၀ ဧက၊ အမှုတွဲအမှတ် ၄၂၄-၅/၂၀၁၄-၂၀၁၅ (စီ)ဖြင့် ဒုမှူးကြီးကျော်စွာမြင့်မှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး စာချုပ်အမှတ် (၄၀၅၊/၂၀၀)ဖြင့် ဦးကျော်သူ ၁၃/လရန(နိုင်)၁၃၄၆၉၃ မှ ဝယ်ယူထားပြီး အမည်ပြောင်း၊ ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ရက်ပေါင်း (၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၆)၊ အကွက်အမှတ်(၁၀/ရမခအနောက်)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက အမှုတွဲအမှတ် ၄၅၂-၅/၂၀၀၃-၂၀၀၄ (A)နှင့် ဦးပိုင်အမှတ်(၆၂/၂၂၁)၊ ဧရိယာ ၀ ဒသမ ၁၃၇ ဧက၊ အမှုတွဲအမှတ် ၅၀၉-၅/၂၀၀၃-၂၀၀၄(A) တို့ဖြင့် ဒေါ်နန်းငွေညွန့်မှ အမည်ပေါက်ပြီး စာချုပ်အမှတ် (၃၈၃၊/၂၀၁၀)ဖြင့် မဒေါ်လီ(ခ) မြမြအေး ၁၂/သကတ(နိုင်)၀၇၈၃၄၂ မှ ဝယ်ယူထားပြီး အမည်ပြောင်း/ထပ်မံအသစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ရက်ပေါင်း (၂၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**


**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ့
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ဃ/၃၉၉၂ ယာဉ် လက်ဝယ်ရှိသူ ဒေါ်ရင်ရင်မြင့် ၁၀/ မလမ(နိုင်)၁၃၈၂၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ဃ/၂၈၄၁၉ ယာဉ် လက်ဝယ်ရှိသူ ဦးလှငွေ ၁၀/ မလမ(နိုင်)၁၃၈၂၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်တွင်းအင်အားကို တည်ဆောက်ကြမည်

❖ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်တွင်းအားကိုပဲ ကျွန်တော် ယုံကြည်အားကိုးပါတယ်။

❖ နိုင်ငံရဲ့ ပကတိအခြေအနေအရ ပြည်ပအကူအညီများ လိုအပ်သည်မှန်ပေမယ့် ပြည်တွင်းအားနဲ့ လုပ်ဆောင်နိုင်တာများရှိပါတယ်။

❖ နံပါတ်(၁)အနေနဲ့ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေး တိုးတက်မြှင့်တင်ပါမယ်။ ကျွန်တော်တို့တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များစွာ ရှိပါတယ်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှု အားနည်းခဲ့ခြင်းသာ ဖြစ်ပါတယ်။

❖ နံပါတ်(၂)အနေနဲ့ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံ ဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအား မကောင်းစရာ မရှိပါဘူး။

❖ နံပါတ်(၃)အနေနဲ့ တိုင်းရင်းသားပြည်သူများအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအားလုပ်ဆောင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ညီညွတ်တဲ့ အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေးစွမ်းအားတည်ဆောက်သွားပါမယ်။

❖ တိုင်းရင်းသား မိဘပြည်သူအားလုံး စဉ်းစားဆင်ခြင်ပြီး ပူးပေါင်းလုပ်ဆောင်ကြဖို့ ပြောလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## ပြည်ထောင်စုအလံတော်သယ်ဆောင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၂၂ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် အလေးပြုခြင်းခံယူမည့် ပြည်ထောင်စုအလံတော်အား ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လက်ဆင့်ကမ်းသယ်ယူခြင်း၊ မော်တော်ယာဉ်၊လေယာဉ်တို့ဖြင့် သယ်ဆောင်ခြင်းတို့ကို စနစ်တကျဖြင့် စီစဉ်စုဖွဲ့၍ ကျင်းပမည်ဖြစ်သည်။ *စာမျက်နှာ ၇ ကော်လံ ၄* ❏

## ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ဖိတ်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ကြေညာချက်အမှတ် ၁ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်
ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့်
စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ဖိတ်ကြားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟု အစိုးရအနေဖြင့် မူဝါဒချထားပါသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❄



## တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်၌ ကျင်းပမည့်(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိအထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။ *စာမျက်နှာ ၁၇ ကော်လံ ၃* ✳

### ယနေ့ သတင်း အညွှန်း

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် တောင်ပြင်ငယ်ကျေးရွာအတွင်းသို့ ရောက်ရှိနေသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ချေမှုန်းတိုက်ခိုက် ပြည်တွင်းသတင်း စာ - ၁၁

................

ယခုနှစ်အတွင်း MMA ပြိုင်ပွဲ ၂၄ ခုကျင်းပရန် ONE Championship စီစဉ်ထား ပြည်တွင်းသတင်း စာ - ၂၅